Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org




## လက်ရှိအခြေအနေ အကျဉ်းချုပ်

အောက်တိုဘာလကုန်တွင် နိုင်ငံရေးအကျဉ်းသား ၇၅ ဦး မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း ဆက်လက် ဖမ်းဆီး ထိန်းသိမ်းခံနေရပြီး တက်ကြွလှုပ်ရှားသူ ၁၂၁ ဦးတို့သည် တရားရင်ဆိုင်နေရပါသည်။ တိုင်းပြည်အတွင်း သတင်းမီဒီယာများအပေါ် ဖိနှိပ်မှုနှင့် ပုဒ်မ ၁၈ အား အသုံးပြု၍ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ဖိနှိပ်ထားခြင်းသည် လွန်စွာ စိုးရိမ်ဖွယ်ရာ ကိစ္စရပ်အဖြစ် ဆက်လက်ရှိနေပြီး၊ အလွတ်သတင်းထောက် ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီးအား ဥပဒေမဲ့ သတ်ဖြတ်ခဲ့ခြင်းသည် ၂၀၁၄ ခုနှစ် ကုန်ကာနီးအချိန်တွင် အထူး စိတ်ပျက်ဖွယ်ရာကောင်းသည့် ကိစ္စတစ်ရပ် ဖြစ်နေပါသည်။ အောက်ပါ ရေးသားချက်များသည် မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားအရေး၊ နိုင်ငံသားတို့၏ အခွင့်အရေး၊ လွတ်လပ်ခွင့်များနှင့် စပ်လျဉ်း၍ တိုးတက် ဖြစ်ထွန်းမှုများအား အဓိကထားသည့် သတင်းမီဒီယာများနှင့် မြန်မာနိုင်ငံအတွင်းမှ အေအေပီပီတို့ ရရှိသည့် သတင်းအချက်အလက်များအပေါ် ဆန်းစစ်လေ့လာ သုံးသပ်ထားခြင်းဖြစ်သည်။

# အောက်တိုဘာလ ၂၀၁၄ ခုနှစ်၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

## မာတိကာ


- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ကန့်သတ်တားမြစ်ချက်များ
- မြေယာသိမ်းဆည်းမှုများ
- သတင်းထဲမှ အေအေပီပီ
- အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

အောက်တိုဘာလတွင် တက်ကြွလှုပ်ရှားသူ ၈ ဦး တရားစွဲဆိုခြင်းခံခဲ့ရပြီး၊ ၂၆ ဦး ပြစ်ဒဏ်များ ချမှတ်ခံရပါသည်။ ထိုပြစ်ဒဏ်ချမှတ်ခံရသည့် ၂၆ ဦးထဲမှ၊ ၂၀ ဦးတို့သည် ထောင်ဒဏ်များ ချမှတ်ခံခဲ့ရကာ၊ ၆ ဦးသည် ဒဏ်ငွေ ၂ သောင်းကျပ်စီ ပေးဆောင်ပြီး လွတ်မြောက်ခဲ့ပါသည်။ နိုင်ငံရေးအကျဉ်းသား ၂၁ ဦး တို့သည်လည်း ၎င်းတို့၏ထောင်ဒဏ်များကို ကျခံပြီးနောက် အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်ခဲ့ကြပါသည်။ ထို့အပြင် အလွတ်သတင်းထောက် တစ်ဦးသည် စက်တင်ဘာ လကုန်ပိုင်းတွင် ဖမ်းဆီးခံခဲ့ရပြီး၊ ဖမ်းဆီးခံနေရစဉ်အတွင်း အာဏာပိုင်တို့၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရပါသည်။

အောက်တိုဘာလတွင်ပင် မွန်ပြည်နယ် အကျဉ်းစခန်းတစ်ခုအတွင်း အလွတ်သတင်းထောက် တစ်ဦးဖြစ်သူ ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး ဖမ်းဆီးခံနေရစဉ်၊ လုံးဝအခြေအမြစ် မရှိပါပဲ သတ်ဖြတ်ခံလိုက်ရသည့် ကိစ္စဖြစ်ပြီးနောက်၊ မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ မတရား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် နှိပ်စက်ညှဉ်းပန်းမှုတို့သည် ထိပ်တန်းနေရာတွင် ရှိနေကြောင်း သိရှိလာပါသည်။ ကိုပါကြီးအား စစ်သားတစ်ဦးမှ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ပြီးနောက်၊ ဦးစွာ စစ်ဆေးခြင်း မလုပ်သလို မိသားစုအား ပြန်လည်ပေးအပ်ခြင်းလည်း မရှိပဲ၊ သူ၏ရုပ်အလောင်းအား မြှုပ်နှံခဲ့ကြပါသည်။ သူသေဆုံးသွားပြီးနောက် လေးနက်သည့် မေးခွန်းများစွာလည်း ထွက်ပေါ်လာခဲ့ပါသည်။

ထိုကိစ္စမျိုးသည် မြန်မာနိုင်ငံတွင် တစ်ခုတည်း ဖြစ်ပျက်ခဲ့သည်မဟုတ်ပဲ အဖွဲ့အစည်းပေါင်း ၁၂၀ မှ လက်မှတ်များထိုး၍ “လွတ်လပ်၍ ကြားနေဖြစ်သည့် ပါလီမာန် ကော်မရှင် တစ်ရပ်ဖွဲ့စည်းပြီး ပျောက်ဆုံးနေသည့် မဆွမ်မလွတ်ရွယ်ဂျာ ကိစ္စအား စုံစမ်းစစ်ဆေးပေးရန်” အစိုးရအား တောင်းဆိုခဲ့ကြပါသည်။ ကချင်အမျိုးသမီး တစ်ဦးဖြစ်သူ မဆွမ်မလွတ်ရွယ်ဂျာသည် အောက်တိုဘာလ ၂၈ ရက်၊ ၂၀၁၁ ခုနှစ်တွင်၊ မြန်မာစစ်တပ်၏ မတရားသဖြင့် ဖမ်းဆီးခြင်းကို ခံခဲ့ရကာ၊ ထိုအချိန်မှစပြီး ပျောက်ဆုံးနေခဲ့ပါသည်။ သူမ သေဆုံးသွားပြီဟု ယူဆကြပြီး၊ မည်သည့်အတွက်ကြောင့် ပျောက်ဆုံးသည် ဆိုခြင်းကို အာဏာပိုင်တို့ဘက်မှ ယခုအချိန်အထိ ရှင်းပြခြင်း မရှိပါ။

ယခုလတွင် မြန်မာနိုင်ငံအတွင်း သတင်းမီဒီယာ လွတ်လပ်ခွင့်အား မြန်မာအစိုးရမှ ဆက်လက်လျစ်လျူရှုနေကြောင်း ပြသလျက်ရှိပါသည်။ ဘိုင်မွန်းတည့်နေဂျာနယ်အမှုတွင် ဖမ်းဆီးခံခဲ့ရသူ ၅ ဦးတို့သည် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (ခ) ဖြင့် ထောင်ဒဏ် ၂ နှစ်စီ အသီးသီး ချမှတ်ခံခဲ့ရပြီး၊ သူတို့၏ ပထမဦးဆုံး အယူခံအားလည်း မည်သည့်အကြောင်းပြချက်မှ မရှိပဲ ငြင်းပါယ်ခံခဲ့ရပါသည်။ ထို့အပြင် ချင်းပြည်နယ်ရှိ သတင်းမီဒီယာ ၄ ခုတို့သည်လည်း ချင်းပြည်နယ်အစိုးရအား မှတ်ပုံမတင်ခြင်းကြောင့် ဟုဆိုကာ ဖိအားပေး ပိတ်သိမ်းခံလိုက်ရပါသည်။

ယခုလတွင်ပင် အစိုးရအား ပြင်းပြင်းထန်ထန်၊ ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်သုံးသပ်ခဲ့သည့် လူ့အခွင့်အရေးနှင့် ပတ်သက်သော ဆွေးနွေးပွဲများအား ကျင်းပခဲ့ပြီး၊ အောက်တိုဘာလ ၄ ရက်နှင့် ၅ ရက်နေ့တွင် သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့်ပတ်သက်သည့် ဆွေးနွေးပွဲ တစ်ခုအား နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ ပါဝင်ဆွေးနွေးသူများမှ မြန်မာနိုင်ငံရှိ တရားရုံးများ၏ လွတ်လပ်အမှီအခိုကင်းမှုအပေါ် မေးခွန်းထုတ်လိုက်ပြီး၊ ၁၉၂၃ ခုနှစ် နိုင်ငံတော် လျှို့ဝှက်အက်ဥပဒေသည် အဓိက အတားအဆီး တစ်ခုဖြစ်နေကြောင်း ပြောကြားကာ၊ အစိုးရ၏ လုပ်ငန်းများနှင့်ပတ်သက်သည့် သတင်းများ ရယူခွင့်မရှိခြင်းသည်လည်း စိုးရိမ်စရာကိစ္စရပ်ဖြစ်နေကြောင်း ပြောဆိုဆွေးနွေးခဲ့ကြပါသည်။ ဥပဒေ ပြန်လည်ပြုပြင်ရေးနှင့် လူ့အခွင့်အရေး ကဏ္ဍများအပါအဝင် အရေးကိစ္စ များစွာအား ဆွေးနွေးရန်အတွက် လူထုအခြေပြု အဖွဲ့များမှ ကိုယ်စားလှယ်များ စုစည်းကာ “မြန်မာနိုင်ငံ၏ အပြောင်းအလဲ ဖြစ်စဉ်: ၂၀၁၅ နှင့် ထိုနှစ်အလွန်ကာလအား ခန့်မှန်းခြင်း” ခေါင်းစဉ်ဖြင့် နောက်ထပ် ဆွေးနွေးပွဲ တစ်ခုအား ရန်ကုန်မြို့တွင် အောက်တိုဘာလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပခဲ့ကြပါသည်။ တရားရေးစနစ်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေများနှင့်ပတ်သက်လျှင် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ၊ သတင်းမီဒီယာ ဥပဒေပုဒ်မများနှင့် ယေဘူယျ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်ကြီး တစ်ခုလုံးတို့အား ဝေဖန်သုံးသပ်ခဲ့ကြပြီး ဥပဒေရေးရာ ကျွမ်းကျင်သူ ဦးကြီးမြင့်မှ “ကျနော်တို့လိုတာက မူဝါဒ အသစ်တွေနဲ့ ခေါင်းဆောင် အသစ်တွေပါ၊ ယူနီဖောင်းပဲ ပြောင်းထားတဲ့ လူတွေကို လိုအပ်တာ မဟုတ်ဘူး” ဟု အုပ်စုများစွာ၏ စိတ်ပျက်လက်လျှော့မှုအား အကျဉ်းချုပ်ပြီး ပြောဆိုသွားပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ ဗွီအိုအေ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ ဘားမားနက်တ် (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*

# ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**တက်ကြွလှုပ်ရှားသူ ၄ ဦးနှင့် လယ်သမား ၆ ဦး ပုဒ်မ ၁၈ ဖြင့် အပြစ်ပေးခံရ**

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင်၊ ဒေသခံ ၂၀၀ ဝန်းကျင်တို့မှ ၎င်းတို့၏ မြေယာများ ပြန်လည်ရရှိရန်အတွက် တောင်းဆိုဆန္ဒပြခဲ့ကြသဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ၈၈ မျိုးဆက် ကရင်ကျောင်းသားများအဖွဲ့မှ အဖွဲ့ဝင် ၄ ဦးတို့အား ငြိမ်းချမ်းစွာစုဝေးဆန္ဒပြခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် ဘားအံတရားရုံးတွင် ထောင်ဒဏ် ၄ လ စီချမှတ်ခဲ့ပြီး၊ ထိုအမှုနှင့်စပ်လျဉ်း၍ လယ်သမား ၆ ဦးတို့သည်လည်း ပုဒ်မ ၁၈ ဖြင့်ပင် ဒဏ်ငွေ ၂၀၀၀၀ ကျပ်ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခြင်း ခံခဲ့ရပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**ဘိုင်မွန်းတည့်နေ ဂျာနယ်မှ သတင်းထောက်များ ထောင်ဒဏ်ချမှတ်ခံရ**

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင်၊ ဘိုင်မွန်းတည့်နေ ဂျာနယ်မှ ပိုင်ရှင်၊ ထုတ်ဝေသူနှင့် သတင်းထောက် ၃ ဦးတို့သည် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (ခ)ဖြင့် ပန်းဘဲတန်းမြို့နယ် တရားရုံးမှ ထောင်ဒဏ် ၂ နှစ်စီ ချမှတ်ခဲ့ပါသည်။ ထို ၅ ဦးတို့သည် ၁၉၅၀ ခုနှစ် အရေးပေါ်အက်ဥပဒေပုဒ်မဖြင့် ဦးစွာတရားစွဲဆိုခြင်း ခံခဲ့ရသော်လည်း၊ ထိုပုဒ်မအား ရုတ်သိမ်းကာ၊ ပုဒ်မ ၅၀၅ (ခ) ဖြင့် ပြောင်းလဲစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။ ဘိုင်မွန်းတည့်နေ ဂျာနယ်မှ ဇူလိုင်လ ၇ ရက်နေ့တွင် တက်ကြွလှုပ်ရှားသူ အုပ်စုတစ်စု၏ ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ မိတ်ဖက်ပါတီတို့အား ကြားဖြတ်အစိုးရအဖြစ် တင်မြှောက်ကြောင်း တောင်းဆိုချက်ကို ရည်ညွှန်းပြီး ၎င်းတို့၏ဂျာနယ်တွင် ထုတ်ပြန်ရေးသားခဲ့သဖြင့် ထိုကဲ့သို့ ထောင်ဒဏ်များ ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ နယ်စည်းမခြားသတင်းထောက်များအဖွဲ့မှ "ဒီလို ထောင်ဒဏ်ချမှတ်ခြင်းဟာ သတင်းမီဒီယာ လွတ်လပ်ခွင့်ကို အကြီးအကျယ် ချိုးဖောက်ခြင်းဖြစ်တယ်" ဟု ပြောကြားကာ ထိုသတင်းထောက်နှင့် ဂျာနယ်ပိုင်ရှင်၊ ထုတ်ဝေသူတို့အပေါ် ထောင်ဒဏ်ချမှတ်မှုအား ရှုတ်ချလိုက်ပါသည်။ သတင်းထောက်များမှ ထောင်ဒဏ် ၂ နှစ်အတွက် အယူခံတင်သွင်းခဲ့သော်လည်း အောက်တိုဘာလ ၂၇ ရက်နေ့တွင် အယူခံအား ပယ်ချခဲ့ပြီး မည်သည့်အတွက်ကြောင့် ပယ်ချသည်ဆိုခြင်းကို ပြောဆိုခြင်းမရှိပါ။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*

**လယ်သမားများ ထောင်ဒဏ် ချမှတ်ခံရ**

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ထံင်းရွာမှ ကိုရဲရင့်အောင်၊ ကိုကိုအောင်နှင့် ကိုဇော်ဝင်းတို့သည် ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ် ၃ လစီ အသီးသီး ချမှတ်ခံခဲ့ရပါသည်။ ၂၀၁၃ ခုနှစ်၊ မတ်လတွင် လယ်သမားများမှ ၎င်းတို့၏လယ်ယာများ ပြန်လည်ရရှိရန်အတွက် ထွန်တုံးတိုက်ပွဲ ဆင်နွှဲခဲ့ကြသဖြင့် လယ်သမား ၁၉ ဦး တရားစွဲဆိုခံခဲ့ရပြီး ယခုအခါ ထောင်ဒဏ်များ ချမှတ်ခံခဲ့ရခြင်း ဖြစ်ပါသည်။ ထို ၃ ဦးအား မတ္တရာမြို့နယ်တရားရုံးမှ ထောင်ဒဏ်များချမှတ်စဉ်တွင်၊ ထိုထွန်တုံးတိုက်ပွဲတွင် ပါဝင်ခဲ့သူ လယ်သမားများထဲမှ ကိုနေဝင်းသည် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် ဆက်လက်တရားရင်ဆိုင်နေရပြီး၊ ကိုရဲရင့်အောင်၊ ကိုကိုအောင်နှင့် ကိုဇော်ဝင်းတို့အား လက်ရှိအချိန်တွင် မန္တလေး အိုးဘိုအကျဉ်းထောင်အတွင်းရှိ အထူးဆောင်တွင် ထိန်းသိမ်းထားပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ အေအေပီပီဘီ*

**အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင် ၅ ဦး ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် ချမှတ်ခံရ**

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) မှ အဖွဲ့ဝင် ၅ ဦးတို့ ငြိမ်းချမ်းစွာစုဝေးဆန္ဒပြခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် ၁ လစီ အသီးသီး ချမှတ်ခံခဲ့ရကြောင်း အေအေပီပီမှ သိရှိခဲ့ရပါသည်။ (အဲန်အယ်လ်ဒီ) မှ ကိုကျော်ဝင်း၊ ကိုဆန်းမင်း၊ ကိုကျော်လှိုင်၊ ကိုနေဇော်လင်းနှင့် ကိုသော်တာဦးတို့သည် ဧပြီလ ၂၈ ရက်နေ့တွင်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေမှ ပုဒ်မ ၄၃၆ နှင့် ၅၉ (ဃ) နှင့် ၅၉ (စ) တို့အား ဆန့်ကျင်ခဲ့ပြီး ထိုဥပဒေပုဒ်မများအား ပြုပြင်ပေးရန် တောင်းဆိုခဲ့ကြသဖြင့် ထိုကဲ့သို့ ထောင်ဒဏ်များ ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ ထို ၅ ဦးအား မန္တလေးမြို့ရှိ အိုးဘိုအကျဉ်းထောင်အတွင်း ထိန်းသိမ်းခဲ့ပြီး၊ သူတို့၏ထောင်ဒဏ်များအား ကျခံပြီးနောက်၊ အောက်တိုဘာ လကုန်ပိုင်းတွင် ပြန်လည်လွတ်မြောက်ခဲ့ကြပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ အေအေပီပီ*
*၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**ပုဒ်မ ၁၈ အား ဖျက်သိမ်းရန် တောင်းဆိုသူ ထောင်ဒဏ် ချမှတ်ခံရ**

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင် ဦးသာချို (ခ) ဦးကျော်မင်းဇော်သည်၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ အား ဖျက်သိမ်းပေးရန် တောင်းဆိုခဲ့သောကြောင့်၊ အောက်တိုဘာလတွင် ထောင်ဒဏ် ၄ လ ချမှတ်ခြင်း ခံခဲ့ရပါသည်။ ဦးသာချိုသည် ပုဒ်မ ၁၈ ဖြင့်ပင် ပျဉ်းမနားမြို့နယ်တရားရုံးမှ ထောင်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်ပြီး၊ သူ၏ရှေ့နေ ဦးခင်မောင်ဇော်မှ တစ်လအတွင်း အာဏာပိုင်တို့အား အယူခံတင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ မဇ္ဈိမ*

# ထောင်မှလွတ်မြောက်မှုများ

## ဖြူနှင်းထွေး အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် သူမ၏ နေအိမ်မှ ဖမ်းဆီးခံခဲ့ရပြီး ရာဇသတ်ကြီး ပုဒ်မ ၁၄၄၊ ၁၄၈ တို့ဖြင့် တရားစွဲဆိုခြင်းခံထားရသည့် အသက် ၂၀ အရွယ် ကျောင်းသူ မဖြူနှင်းထွေးအပေါ် စွဲဆိုထားသည့် အမှုကို တရုတ်လုပ်ငန်းရှင်ပိုင် ဝမ်ဘိုကော်ပါးမိုင်းကုမ္ပဏီမှ ရုတ်သိမ်းလိုက်ပါသည်။

အောက်တိုဘာလ ၁၅ ရက်နေ့တွင် မဖြူနှင်းထွေးသည် မုံရွာအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ခဲ့ပြီး ကုမ္ပဏီမှ တရုတ်မြန်မာ ချစ်ကြည်ရေးကို အကြောင်းပြုပြီး ထိုအမှုအား ရုတ်သိမ်းခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သူမ မုံရွာအကျဉ်းထောင်မှ မလွတ်မြောက်ခင် မဖြူနှင်းထွေးသည် ကျန်းမာရေးမကောင်းကြောင်း၊ သွေးပေါင်ချိန်များ ကျဆင်းနေကြောင်း၊ စာဖတ်ခွင့်မပြုသလို၊ ခြင်ထောင်လည်းမပေးကြောင်း စသဖြင့် သူမ၏အကျဉ်းထောင်တွင်း အခြေအနေများအား စိုးရိမ်ကြောင်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂမှပြောကြားခဲ့ပါသည်။ မဖြူနှင်းထွေး လွတ်မြောက်သည့် အချိန်မတိုင်ခင်အထိ သူမအား တစ်လကျော်ကြာ မတရားဖမ်းဆီး ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ အေအေပီပီ*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*

## သမ္မတမှ လွတ်ငြိမ်းချမ်းသာခွင့်ပေး

အောက်တိုဘာလ ၇ ရက်နေ့တွင်၊ မြန်မာ့သတင်းနှင့်ပြန်ကြားရေး ဝန်ကြီးဌာနမှ ဖွဲ့စည်းပုံအခြေခံပါ ဥပဒေပုဒ်မ ၂၀၄ (က) အရ သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ပေးမှုကို ကြေညာခဲ့ပြီး ထိုလွတ်ငြိမ်းချမ်းသာခွင့်မှ မြန်မာနိုင်ငံတစ်ဝှမ်း အကျဉ်းထောင်အသီးသီးရှိ အကျဉ်းသား ၃၀၇၃ ဦးအား လွှတ်ပေးခဲ့ပါသည်။ လွတ်မြောက် အကျဉ်းသားများထဲတွင် ကချင်လက်နက်ကိုင်အဖွဲ့နှင့် ဆက်သွယ်သောကြောင့်ဟုဆိုကာ တရားမဝင်အဖွဲ့အစည်းဆိုင်ရာ ဥပဒေပုဒ်မဖြင့် ၂၀၁၃ ခုနှစ်တွင် ထောင်ဒဏ် ၅ နှစ် ချမှတ်ခံခဲ့သည့် ဦးမာလဆိုသည့် နိုင်ငံရေးအကျဉ်းသား တစ်ဦးသာ ပါဝင်ခဲ့ကြောင်း အေအေပီပီမှ ပြောကြားခဲ့ပါသည်။ ထိုလွတ်ငြိမ်းချမ်းသာခွင့်တွင် စစ်ထောက်လှမ်းရေး အဟောင်း ၇ ဦး၊ နိုင်ငံခြားသား ၅၈ ဦးလည်း ပါဝင်ကာ အများစုသည် ရာဇဝတ်မှုပြစ်ဒဏ်များအရ ပြစ်ဒဏ်ချမှတ်ခံထားရသူများဖြစ်သည်။ အောက်တိုဘာလ ၈ ရက်နေ့တွင် ကျရောက်သည့် လပြည့်နေ့နှင့် အဘိဓမ္မာ အခါတော်နေ့ အထိမ်းအမှတ်အဖြစ် ထိုကဲ့သို့ လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ခြင်းဖြစ်ပြီး အချို့လေ့လာ အကဲခတ်သူများမှ ထိုလွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းသည် မြန်မာနိုင်ငံတွင် နောက်လ ကျင်းပမည့် အာရှပစိဖိတ် ထိပ်သီးဆွေးနွေးပွဲတွင် နိုင်ငံတကာအစိုးရ၏ ထောက်ခံမှု ရရှိရန် လုပ်ဆောင်ခြင်းအဖြစ် ရှုမြင်သုံးသပ်ပြီး မြန်မာအစိုးရသည် နိုင်ငံရေးအရ အခွင့်အရေးယူခြင်းဖြစ်ကြောင်း စွတ်စွဲခဲ့ကြသည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ ဘီဘီစီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ အေဘီစီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ လွတ်လပ်တဲ့ အာရှအသံ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

## နိုင်ငံရေးအကျဉ်းသား ၁၉ ဦး လွတ်မြောက်

၂၀၁၄ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် မြေပိုင်ဆိုင်မှု အငြင်းပွါးကြသည့်အရေးနှင့် ပတ်သက်ပြီး ရာဇသတ်ကြီးပုဒ်မ ၃၅၃ နှင့်ထောင်ဒဏ် ၆ လနှင့် အလုပ်ကြမ်း ချမှတ်ခံခဲ့ရသည့် ကိုအေးသိန်း၊ ကိုကျော်သီဟ၊ ကိုဝင်းကို၊ ကိုအုန်းကျော်၊ မနွဲ့ရင်သန်း၊ မဝင်းချို၊ မမျိုးမျိုးသန်း၊ မရွှေလန့်နှင့် ကိုဝင်းအောင်တို့ အောက်တိုဘာလ ၁ ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ)၊ ၁၄၃ တို့ဖြင့် ထောင်ဒဏ် ၉ လ ချမှတ်ခံခဲ့ရသည့် ကိုရာဇာသည်လည်း ထိုအောက်တိုဘာလ ၁ ရက်နေ့တွင်ပင် ပြန်လည် လွတ်မြောက်လာခဲ့ပါသည်။ ထိုလွတ်မြောက်လာသူ ၁၀ ဦးတို့သည် မန္တလေးမြို့ရှိ အိုးဘိုအကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရခြင်းဖြစ်ပြီး ထိုထောင်မှပင် ပြန်လည် လွတ်မြောက်လာခဲ့ကြပါသည်။

ကိုဝင်းချို၊ ကိုကျော်ဝင်း၊ ကိုဆန်းမင်း၊ ကိုကျော်လှိုင်၊ ကိုနေဇော်လင်း၊ ကိုသော်တာဦး၊ ကိုကျော်စိန်၊ ကိုသက်နွယ်ဦးနှင့် ကိုမောင်လွင်တို့သည်လည်း အကျဉ်းထောင်အတွင်း ထောင်ဒဏ်များ ကျခံပြီး ပြန်လည်လွတ်မြောက်ခဲ့ကြပါသည်။ ကိုဝင်းချိုသည် အင်းစိန်ထောင်အတွင်း ထောင်ဒဏ် ၂ လ ကျခံပြီးနောက် အောက်တိုဘာလ ၂၀ ရက်နေ့တွင် လွတ်မြောက်ခဲ့ပြီး၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ အဖွဲ့ဝင်များ ဖြစ်ကြသော ကိုကျော်ဝင်း၊ ကိုဆန်းမင်း၊ ကိုကျော်လှိုင်၊ ကိုနေဇော်လင်းနှင့် ကိုသော်တာဦးတို့သည် ထောင်ဒဏ် ၁ လ ကျခံပြီးနောက် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာပါသည်။ ကိုမောင်လွင်သည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခံရကာ၊ အောက်တိုဘာလ ၇ ရက်နေ့တွင် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ခဲ့သော်လည်း၊ မည်သည့်အတွက်ကြောင့် စောစီးစွာ ပြန်လည်လွတ်မြောက်ခဲ့ခြင်းကို မသိရှိရပါ။ ကျန် ၂ ယောက်သည်လည်း ၎င်းတို့၏ ထောင်ဒဏ်များ ကျခံပြီး ပြန်လည်လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ အေအေပီပီ*

# ထောင်တွင်းအခြေအနေများ

## ပျောက်ဆုံးသတင်းထောက် စစ်တပ်၏အကျဉ်းစခန်းအတွင်း အသတ်ခံရ

အလွတ်တန်းသတင်းထောက် တစ်ဦးဖြစ်သော ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီးသည် စစ်တပ်အကျဉ်းစခန်း တစ်ခုတွင် ဖမ်းဆီးထိန်းသိမ်းခံနေရစဉ်အတွင်း သတ်ဖြတ်ခြင်းခံခဲ့ရပါသည်။ ကိုပါကြီးသည် မွန်ပြည်နယ်အတွင်း မြန်မာစစ်တပ်နှင့် ဒီမိုကရေစီအကျိုးပြု ကရင့်အမျိုးသားတပ်မတော် (DKBA) တို့ တိုက်ပွဲးဖြစ်ပွါးခဲ့သည့် သတင်းများအား သတင်းဓါတ်ပုံယူစဉ် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်တွင် မြန်မာစစ်တပ်၏ လက်အောက်ခံတပ် အမှတ် ၂၀၈ ခြေမြန်တပ်ရင်း၏ ဖမ်းဆီးခြင်းကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ခံခဲ့ရပါသည်။ ကိုပါကြီးအား (DKBA) တပ်၏ နိုင်ငံရေးဌာနဖြစ်သည့် ကလိုထူးဖေါ ကရင်အဖွဲ့ (KKO) ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း မြန်မာစစ်တပ်မှ စွပ်စွဲချက်အား DKBA ဘက်မှလည်း ငြင်းဆန်လိုက်ပါသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး၏ အဆိုအရ ထိုအချိန်လောက်နှင့် ကိုပါကြီးထိန်းသိမ်းခံရသည့်နေရာ ဝန်းကျင်လောက်တွင် အမျိုးသားတစ်ဦးအား စစ်သားများမှ နှိပ်စက်ညှဉ်းပန်းနေသည်ကို တွေ့ရှိသည့် မျက်မြင်သက်သေရှိကြောင်း သိရှိရပါသည်။ စွပ်စွဲရေးသားထားသည့် မြန်မာစစ်တပ်၏ ထုတ်ပြန်ချက်မှ “ကိုအောင်နိုင် (ခ) ကိုပါကြီးသည် အပေါ့သွားချင်ကြောင်းပြောကြားပြီး အစောင့်စစ်သားအား တိုက်ခိုက်ကာ လက်နက်ကို လုယုရန်ကြိုးစားခဲ့သဖြင့် သေနတ်ဖြင့်ပစ်ခတ် ဖမ်းဆီးရသောကြောင့် အသေဖမ်းဆီးရမိကြောင်းနှင့် သူ၏အလောင်းအား ရွှေချောင်းရွာအနီးတွင် ကောင်းမွန်စွာ မြှုပ်နှံလိုက်ကြောင်း” ပြောကြားထားပါသည်။

သို့သော်လည်း ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်း လူ့အဖွဲ့အစည်း အပါအဝင် အဖွဲ့အတော်များများနှင့် သတင်းထောက်များအား ကာကွယ်စောင့်ရှောက်ရေး ကော်မတီတို့မှ ကိုပါကြီးသေဆုံးခြင်းနှင့် ပတ်သက်ပြီး လွန်စွာစိုးရိမ်မကင်းဖြစ်ကာ ကိုပါကြီးဇနီးမှလည်း သူမ၏အမျိုးသားအား ဖမ်းဆီးထားစဉ်အတွင်း ရိုက်နှက်ခံထားရကြောင်းကို ကြားသိကြောင်း ပြောကြားခဲ့ပါသည်။ အသက် ၄၉ နှစ်အရွယ် ကိုပါကြီးသည် ၁၉၈၈ ခုနှစ် ကာလများအတွင်းနှင့် ရွေးကောက်ပွဲကာလများတွင် ဒေါ်အောင်ဆန်းစုကြည်အား လုံခြုံရေးယူပေးသည့် ကျောင်းသားအဖွဲ့ဝင် တစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ပြီး နိုင်ငံရေးတက်ကြွလှုပ်ရှားသူ တစ်ဦးဖြစ်ကာ အလွတ်သတင်းထောက် တစ်ဦးအဖြစ်လည်း လုပ်ကိုင်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီးနှင့် အာရှလူ့အခွင့်အရေး ကော်မရှင် နှစ်ဖွဲ့မှလည်း ကိုပါကြီး အသတ်ခံရမှုနှင့်ပတ်သက်ပြီး ပြင်းပြင်းထန်ထန် ဝေဖန်ကာ လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုတစ်ခု အမြန်ဆုံးပြုလုပ်ရန် တောင်းဆိုသည့် စာများ ထုတ်ပြန်ကြေညာခဲ့ကြပါသည်။ မြန်မာနိုင်ငံအတွင်းရှိ အချို့မြို့များတွင် ကိုပါကြီးသေဆုံးမှုနှင့်ပက်သက်ပြီး ဆန့်ကျင်ဆန္ဒပြပွဲများ ပြုလုပ်ကျင်းပသည့်အတွက် အချို့တက်ကြွလှုပ်ရှားသူများ တရားစွဲဆိုခြင်းခံခဲ့ရပါသည်။ (ဆန္ဒထုတ်ဖေါ်မှုများအပေါ် တားမြစ်ခြင်း ခေါင်းစဉ်အောက်တွင် ထိုအကြောင်းအရာအား ရှင်းလင်း ရေးသားထားပါသည်။) ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ကိုပါကြီး အသတ်ခံခဲ့ရပါသည်။ သမ္မတသည် မြန်မာလူ့အခွင့်အရေး ကော်မရှင်အား ထိုကိစ္စနှင့်စပ်လျဉ်းပြီး “အထူးစုံစမ်းစစ်ဆေးရေး အစီရင်ခံစာ” တစ်ခု ၎င်း၏သမ္မတရုံးသို့ တင်သွင်းရန် အမိန့်ပေးကြောင်း အစိုးရပိုင် မြန်မာ့အလင်းသတင်းစာမှ ထုတ်ပြန်ကြေညာခဲ့ပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

## ရှမ်းပြည်နယ်အတွင်း ဒေသခံရွာသား ၅ ဦး နှိပ်စက်ညှဉ်းပန်းခံရ

ရှမ်းပြည်နယ် လူ့အခွင့်အရေးအဖွဲ့မှ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာစစ်တပ်မှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည့် အောက်တိုဘာလ ၁၂ ရက်နေ့မှ ၁၈ ရက်နေ့အတွင်း ရှမ်းပြည်နယ် ကီးဆီး မြို့နယ်ရှိ ရွာသား ၅ ဦးတို့သည် နှိပ်စက်ညှဉ်းပန်းခံရပြီး အခြားရွာသား ၇ ဦးတို့သည်လည်း နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးခံခဲ့ရကြောင်း ပြောဆိုစွပ်စွဲရေးသားထားပါသည်။

ဝန်ငုလန်းမ်ရွာမှ ရွာသား ၃ ဦးတို့သည် ရှမ်းစစ်သားများဖြစ်ကြောင်း စွပ်စွဲခံရကာ ဖမ်းဆီး စစ်ဆေး ရိုက်နှက်ခံခဲ့ရပါသည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ပန်ဇီးရွာမှ လယ်သမား ၂ ဦးတို့သည် ဖမ်းဆီးခံခဲ့ရကာ ရိုက်နှက်ခံရပြီး တစ်ညလုံး ကြိုးဖြင့် ချည်နှောင်ဖမ်းဆီးထားခြင်းကို ခံခဲ့ရပါသည်။ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ဝန်ငုလန်မ်နှင့် ဝန်ပဆောင် ကျေးရွာတို့မှ အမျိုးသမီး ၇ ဦးတို့သည် ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရကာ ဒေသခံ ကျောင်းဆရာ တစ်ဦး၏ နေအိမ်တွင် ၆ ရက်ကြာအောင် ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရပါသည်။ အမျိုးသမီး ၇ ဦးထဲမှ ကိုယ်ဝန်ရှိသည့် အမျိုးသမီးတစ်ဦးအား အာဏာပိုင်တို့မှ လွတ်ပေးလိုက်ရန်အတွက် ပထမပိုင်းတွင် ငြင်းဆန်ခဲ့ပြီး နောက်ဆုံးတွင် ထိုအမျိုးသမီး ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။ ထို့ကဲ့သို့ ဖမ်းဆီးညှဉ်းပန်းနှိပ်စက်မှုများအပြင် စစ်တပ်မှ ရွာသားတို့၏ အစားအစာများအား စားသောက် ယူငင်ခြင်းပြုသွားသည့်အတွက် အစားအသောက် ပျက်လပ်သည့်အခက်အခဲနှင့် တွေ့ကြုံရင်ဆိုင်နေရကြောင်း ရွာသားများမှာ ပြောကြားခဲ့ပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ BNI (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

## ဗ-က-သ အဖွဲ့ဝင်များမှ လက်တစ်လော ဖမ်းဆီးခံထားရသည့် အကျဉ်းသားတစ်ဦး ကျန်းမာရေးဆေးကုသမှုရရန် တောင်းဆို

ပဲခူးတိုင်း၊ ပြည်ခရိုင်၊ ပေါင်းတည်အကျဉ်းထောင်အတွင်း ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (ခ) ဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရသည့် ဒေါ်ညိုသည် ကျန်းမာရေးအခြေအနေ ဆိုးရွားနေပါသည်။ သူမ၏ကျန်းမာရေးအခြေအနေသည် သားအိမ်ကင်ဆာဖြစ်မည်ကို စိုးရိမ်နေရပြီး သူမ၏သားအိမ်အတွင်း အလုံးတစ်လုံးကိုလည်း စမ်းသပ်မိသောကြောင့် သူမ၏ရှေ့နေမှ သင့်တော်သော ကျန်းမာရေးစောင့်ရှောက်ကုသမှု ရရှိရန် တရားရုံးတွင် စာတင်ပြီး တောင်းဆိုခဲ့ပါသည်။ ဒေါ်ညိုအနေဖြင့် ထောင်ဒဏ်ချမှတ်ခံထားရခြင်းလည်း မရှိသေးသည့်အတွက် ထိုကဲ့သို့ ဆေးဝါးကုသမှု ရပိုင်ခွင့်သည် သူမ၏အခွင့်အရေးဖြစ်ကြောင်း ရှေ့နေဦးမြင့်အေးမှ ပြောကြားခဲ့ပါသည်။ ရှေ့နေ၏ စာတင်တောင်းဆိုမှုသည် လျစ်လျူရှုခြင်းခံခဲ့ရပြီး

တက်ကြွလှုပ်ရှားသူများမှ အောက်တိုဘာလ ၂၁ ရက်နေ့တွင် အကျဉ်းထောင်အရှေ့၌ ထိုင်သပိတ်ပွဲ ပြုလုပ်ခဲ့ကြပါသည်။ ထိုကဲ့သို့ ဆန္ဒပြပြီးနောက် ဒေါ်ညိုအား ပေါင်းတည်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးခဲ့ပါသည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ အလဲဗင်း*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ ဧရာဝတီ*

### ကိုထင်ကျော် အစာငတ်ခံဆန္ဒပြခဲ့၊ ထောင်ဝင်စာတွေ့ခွင့်မရ

အင်းစိန်ထောင်အတွင်း ထောင်ဒဏ် ၁၁ နှစ်နှင့် ၄ လ ကျခံနေရသည့် ကိုထင်ကျော်သည် သူ့အားတိုက်ပိတ်ကာ ထိန်းသိမ်းထားသောကြောင့် အစာငတ်ခံဆန္ဒပြခဲ့ပါသည်။ အောက်တိုဘာလ ၂ ရက်နေ့ ကျောက်တံတားမြို့နယ် တရားရုံးချိန်းတွင် ကိုထင်ကျော်မှ သူနှင့် အကျဉ်းသားအချို့ ခိုက်ရန်ဖြစ်ပွါးမှုဖြစ်ပေါ်ရန် ထောင်အာဏာပိုင်တို့မှ အားပေးအားမြှောက် လုပ်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ကိုထင်ကျော်နှင့်ကိုနောင်နောင်တို့သည် အစိုးရအား ဆန့်ကျင်သည့် စာရွက်စာတမ်းများအား ဖြန့်ဝေခဲ့သည့်အတွက် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (ခ) ဖြင့် တရားရင်ဆိုင်နေရဆဲ ဖြစ်ပြီး ကိုနောင်နောင်သည် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့်ပါ တရားရင်ဆိုင်နေရပါသည်။ သူတို့၏ ရုံးချိန်းအား အောက်တိုဘာလ ၁၆ ရက်နေ့တွင် ချိန်းဆိုထားသော်လည်း ရုံးချိန်းတက်ရန် ကိုထင်ကျော် ကျန်းမာရေးမကောင်းသောကြောင့် အောက်တိုဘာလ ၂၀ ရက်နေ့သို့ ပြောင်းရွှေ့ချိန်းဆိုခဲ့ပါသည်။ ထိုနောက် ကိုထင်ကျော် အစာငတ်ခံဆန္ဒပြခြင်းအား ရပ်တန့်လိုက်ကြောင်း ကြားသိရပါသည်။

အောက်တိုဘာလ ၉ ရက်နေ့တွင် ကိုထင်ကျော်၏ မိသားစုဝင်များသည် ထောင်ဝင်စာတွေ့ခွင့် မရရှိခဲ့ပဲ ကိုထင်ကျော်အားလည်း စစ်ခွေးတိုက်ထဲတွင် တိုက်ပိတ်ထားကြောင်း သိရှိခဲ့ရပါသည်။ ကိုထင်ကျော် အစာငတ်ခံဆန္ဒပြခြင်းကြောင့် ထိုကဲ့သို့ ပြစ်ဒဏ်ပေးခြင်းဖြစ်ပြီး အောက်တိုဘာလ ၁၈ ရက်နေ့တွင်မှ ကိုထင်ကျော်၏ ဇနီး ဒေါ်သန်းသန်းမော်အား ထောင်ဝင်စာတွေ့ဆုံခွင့်ပြုခဲ့ပါသည်။ ***ယခုအခါတွင် ကိုထင်ကျော်၏ဇနီး ဒေါ်သန်းသန်းမော်သည်လည်း ကိုထင်ကျော်အား ထောင်ဒဏ်ချမှတ်မှုအပေါ် ဆန့်ကျင်ဆန္ဒပြခဲ့သည့်အတွက် ပုဒ်မ ၁၈ ဖြင့်တရားစွဲဆိုခြင်းကို ခံနေရပါသည်။ ဒေါ်သန်းသန်းမော်အား ကျောက်တံတားတရားရုံးမှ အောက်တိုဘာလ ၁၀ ရက်နေ့တွင် တရားစွဲဆိုခဲ့ပါသည်။***

အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကိုထင်ကျော်အား ကျောက်တံတားမြို့နယ်တရားရုံးမှ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ)ဖြင့် နောက်ထပ်ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့ပါသည်။ ကိုထင်ကျော်အား သူ၏အမှုတွဲဖြစ်သူ၊ မြို့တော်ခန်းမရှေ့တွင် ဇူလိုင်လ ၇ ရက်နေ့၌ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကြားဖြတ်အစိုးရ ဖွဲ့စည်းရန် တောင်းဆိုဆန္ဒပြခဲ့သည့် ကိုနောင်နောင်နှင့်အတူ ထောင်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။

ကိုထင်ကျော်သည် လက်တစ်လောတွင် အင်းစိန်ထောင်အတွင်း၌ ထောင်ဒဏ် ၁၃ နှစ်နှင့် ၄ လ ကျခံနေရပြီး လှိုင်မြို့နယ်တရားရုံးတွင် တရားရင်ဆိုင်ရန် ရှိနေပါသေးသည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ အေအေပီပီ*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်၊ ဘီဘီစီ*

### ယူနတီသတင်းထောက် ၅ ဦး၏ ထောင်ဒဏ်များ လျှော့ချခံရ၊ အထက်လွှတ်တော်တရားရုံးတွင် အမှုအားကြားနာရန် ချိန်းဆို

မကွေးတိုင်းဒေသကြီး အထက်လွှတ်တော် တရားရုံးမှ ဇူလိုင်လတွင် ထောင်ဒဏ် ၁၀ နှစ်နှင့်အလုပ်ကြမ်း အသီးသီး ချမှတ်ခံထားရသည့် ယူနတီဂျာနယ်မှ သတင်းထောက်နှင့်ဝန်ထမ်း ၅ ဦးတို့၏ ထောင်ဒဏ်များအား ထောင်ဒဏ် ၇ နှစ်အထိ အောက်တိုဘာလ ၂ ရက်နေ့တွင် ပြောင်းလဲလျှော့ချခဲ့ပါသည်။ ထိုဂျာနယ်ဝန်ထမ်း ၅ ဦးတို့၏အယူခံအား အထက်လွှတ်တော်တရားရုံးမှလည်း ကြားနာရန် သဘောတူညီခဲ့ပါသည်။ ၎င်းတို့ ၅ ဦး၏ရှေ့နေ ဦးရောဘတ်ဆန်းအောင် ပြောကြားချက်အရ သူတို့အမှုအား အထက်လွှတ်တော် တရားရုံးတွင် ကြားနာရန်အတွက် နောက်ထပ် ၄၅ ရက်သာ စောင့်ဆိုင်းရမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

### တက်ကြွလှုပ်ရှားသူ ပုဒ်မ ၁၈ ဖြင့် တရားစွဲခံရ

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် တက်ကြွလှုပ်ရှားသူ ကိုနေလင်းစိုး (ခ) ဖိုးစနေမှ ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ အား ဖျက်သိမ်းရန် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးအရှေ့၌ ဆန္ဒပြခဲ့ပါသည်။ ကိုနေလင်းစိုးသည် တောင်ဒဂုံမြို့နယ်တွင် ဖြစ်ပွါးခဲ့သည့် မုဒိမ်းမှုတစ်ခုအား ခွင့်ပြုချက်မရပဲ ဆန့်ကျင်ဆန္ဒပြခဲ့သည့်အတွက် တောင်ဒဂုံမြို့နယ်နှင့် ကျောက်တံတားမြို့နယ်တရားရုံးတို့မှ ပုဒ်မ ၁၈ ဖြင့်တရားစွဲဆိုထားပြီး တရားရင်ဆိုင်နေရပါသည်။ သူသည် ရန်ကုန်မြို့ရှိ မြို့နယ်တော်တော်များတွင်လည်း စက်တင်ဘာလအတွင်း တစ်ကိုယ်တော် ဆန္ဒပြမှုများ ပြုလုပ်ခဲ့ပါသေးသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်၊ အလဲဗင်း (မြန်မာ)*

### ကိုပါကြီးသေဆုံးမှုနှင့် ပတ်သက်ပြီး ဆန္ဒပြခဲ့သည့်အတွက် တက်ကြွလှုပ်ရှားသူများ တရားစွဲဆိုခံရ

အောက်တိုဘာလ ၄ ရက်နေ့တွင် သေဆုံးခဲ့သည့် အလွတ်သတင်းထောက် ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး၏ သေဆုံးမှုကို ရှုတ်ချသည့်အနေဖြင့် မန္တလေးမြို့ခံတစ်ချို့တို့ ဖယောင်းတိုင်မီးထွန်းကာ စုပေါင်းဆန္ဒပြခဲ့ကြပါသည်။ ထိုဆန္ဒပြပွဲအား မန္တလေးနန်းတော်ပေါင်းအနီး လမ်း၈၀ နှင့် ၂၆ လမ်းထောင့်တွင် ကျင်းပခဲ့ပြီး ဆန္ဒပြသူများမှ သေဆုံးသူသတင်းထောက်အတွက် တရားမျှတမှုရှိရန် တောင်းဆိုခဲ့ကြပါသည်။ ထိုဆန္ဒပြပွဲအား အာဏာပိုင်တို့၏ခွင့်ပြုချက် မရရှိပဲ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆန္ဒပြသူ ကိုအေးသိန်းမှ တရားရေးမဏ္ဍိုင် ပြိုလဲပြီး ဥပဒေစိုးမိုးရေး မရှိတာကြောင့် ထိုကဲ့သို့သောကိစ္စများ ဖြစ်ပေါ်ခြင်းဖြစ်ကြောင်း သုံးသပ်ပြောကြားခဲ့ပါသည်။ အကယ်၍ ဒီလိုဆန္ဒပြပွဲတွေ မပြုလုပ်ခဲ့လျှင် စစ်တပ်အား လူထုအပေါ် နိုပ်စက်ညှဉ်းပန်းရန်နှင့် သတ်ဖြတ်နိုင်ရန် အခွင့်အရေးများ ပေးအပ်သကဲ့သို့ဖြစ်မည်ဟု ၎င်းမှဖြည့်စွက်ပြောကြားခဲ့ပါသည်။ မဟာအောင်မြေမြို့နယ် ရဲတပ်ဖွဲ့ အာဏာပိုင်တို့မှ ဆန္ဒပြပွဲအား ခွင့်ပြုချက်မရရှိပဲ ကျင်းပသောကြောင့် ဆန္ဒပြပွဲတွင် ပါဝင်သူများသည် ငြိမ်းချမ်းစွာစုဝေးဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ဖြင့် တရားစွဲဆိုခံရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

### တက်ကြွလှုပ်ရှားသူမှ တရားရုံးပြောင်းလဲခြင်းအပေါ် ဆန့်ကျင်ဆန္ဒပြ

၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် တစ်ကိုယ်တော် ဆန္ဒပြမှုနှင့်ပတ်သက်ပြီး ပုဒ်မ ၃ ခုနှင့်တရားရင်ဆိုင်နေရသော မြေယာအရေးတက်ကြွလှုပ်ရှားသူ ဦးဇော်ဝင်းသည် သူ၏ရုံးချိန်းအား ပြင်ဦးလွင်မြို့နယ်မှ မန္တလေးသို့ ပြောင်းရွှေ့ရန် စီစဉ်ဆုံးဖြတ်ခြင်းအပေါ် ဆန့်ကျင်ကြောင်း ပြောကြားခဲ့ပါသည်။ ရာဇဝတ်မှု ပုဒ်မအရ ပြစ်မှုကျူးလွန်သည့်နေရာတွင် ပြစ်မှုကျူးလွန်သူအား တရားရုံးတင်စစ်ဆေးရမည်ဟု ဆိုထားသော်လည်း ထိုဒေသတွင် မငြိမ်မသက်မှုဖြစ်မည်ကို စိုးရိမ်ပြီး လုံခြုံရေးကိစ္စအကြောင်းပြကာ ပြင်ဦးလွင်တရားရုံးမှ ထိုသို့တရားရုံးပြောင်းရန် စီစဉ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ တရားရုံးပြောင်းလဲစစ်ဆေးမှု မပြုလုပ်ရသေးပဲ ဦးဇော်ဝင်း၏ နောက်ထပ်တစ်ကြိမ် တရားရုံးချိန်းအား နိုဝင်ဘာလ ၃ ရက်နေ့သို့ ချိန်းဆိုထားပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*

### တစ်ကိုယ်တော် ဆန္ဒပြသူ ဖမ်းဆီးခံရ

တရားရုံးများတွင် လာဘ်ငွေတောင်းခံမှု ပပျောက်ရေးနှင့်ပတ်သက်ပြီး နေပြည်တော် ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရှမ်းကန်အတွင်း ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင် အောက်တိုဘာလ ၂၀ ရက်နေ့၌ ကိုဖြိုးဝေကျော် တစ်ကိုယ်တော် ဆန္ဒပြခဲ့ပါသည်။ ထိုသို့ဆန္ဒပြရန်အတွက် သူသည် ဧပြီလ ၂၇ ရက်နေ့တွင် တစ်ကြိမ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် တစ်ကြိမ်နှင့် အောက်တိုဘာလ ၁၅ ရက်နေ့တွင်တစ်ကြိမ် ခွင့်ပြုအမိန့်ရရန် စာတင်ခဲ့သော်လည်း ဆန္ဒပြရန်ငြင်းဆန်ခံခဲ့ရပြီး နောက်ဆုံးတွင် ဆန္ဒပြခဲ့သည့်အတွက် ထိုဆန္ဒပြသည့်နေ့တွင်ပင် ပျဉ်းမနားမြို့နယ် မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပါသည်။ ရဲများ၏ပြောကြားချက်အရ ငြိမ်းချမ်းစွာစုဝေး ဆန္ဒပြခြင်း စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (င) တွင်ပါရှိသည့် ဆန္ဒပြသူအနေဖြင့် "တိုင်းပြည်အား ထိခိုက်စေမည့် အပြောအဆိုနှင့် အပြုအမူများကို မပြုလုပ်ရ" ဟု ပြဌာန်းထားသဖြင့် ကိုဖြိုးဝေကျော်၏ ဆန္ဒပြရန်တောင်းဆိုမှုသည် သတ်မှတ်ထားသည်နှင့် မကိုက်ညီသောကြောင့် ခွင့်မပြုကြောင်း ပြောကြားခဲ့ပြီး ကိုဖြိုးဝေကျော်အား အမှုနံပါတ် ပ-၄၇၈/၂၀၁၄ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ပုဒ်မ ၁၈ ဖြင့် အမှုဖွင့်ကာ တရားစွဲဆိုခဲ့ပါသည်။ ထို့နောက် ကိုဖြိုးဝေကျော်အား အာမခံဖြင့် ပြန်လည်လွှတ်ပေးလိုက်ကြောင်း သိရှိရပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ အလဲဗင်း*

### မဖြူနှင်းထွေးအမှုနှင့် ဆက်နွယ်ပြီး မတင်မာရီ တရားစွဲဆိုခံရ

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် မဖြူနှင်းထွေး လွတ်မြောက်ရန်အတွက် ရည်စူးပြီး ဆုတောင်းပွဲတစ်ခုကို မန္တလေးမြို့ မဟာမုနိဘုရားတွင် ကျင်းပပြုလုပ်ခဲ့ခြင်းကြောင့် တမာရိပ်အဖွဲ့မှ မတင်မာရီ (ခ) မနီအား ငြိမ်းချမ်းစွာ စီတန်းလှည့်လည် စုဝေးဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုထားကြောင်း သိရှိရပါသည်။ မတင်မာရီ၏ အမှုအား အောက်တိုဘာလ ၃ ရက်နေ့တွင် မန္တလေးမြို့ ချမ်းမြသာစည် ရဲစခန်း ရဲအရာရှိမှ အမှုဖွင့်ခဲ့ပြီး သူမအား အောက်တိုဘာလ ၂၀ ရက်နေ့တွင် စစ်ဆေးမေးမြန်းရန် ရက်သတ်မှတ်ထားပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်၊ ဧရာဝတီ ဘလော့ဂ်*

### တက်ကြွလှုပ်ရှားသူများ၏ တရားရုံးချိန်း ရက်ရွှေ့

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြုပြင်ပြောင်းလဲရန် တောင်းဆိုသည့် လူထုစည်းဝေးပွဲတစ်ခုအား မကွေးတိုင်းအတွင်း ဦးဆောင်ကျင်းပပြုလုပ်ခဲ့သဖြင့် တရားစွဲဆိုခံခဲ့ရသည့် မကွေးတိုင်းမှ တက်ကြွလှုပ်ရှားသူ ၁၁ ဦးတို့၏ တရားရုံးချိန်းအား ရက်ရွှေ့ချိန်းဆိုလိုက်ပါသည်။ တရားရုံးချိန်းအား မူလက စက်တင်ဘာလ ၂၉ ရက်နေ့အဖြစ် သတ်မှတ်ထားသော်လည်း မကွေးတိုင်း

သာသနာရေးဝန်ကြီးဌာန၏ အုပ်ချုပ်ရေးမှူး ဦးသောင်းရွှေမှ ရုံးချိန်းသို့တက်ရောက်ရန် ပျက်ကွက်ခဲ့သဖြင့် ရုံးချိန်းအား အောက်တိုဘာလ ၁၃ ရက်သို့ ပြောင်းရွှေ့ချိန်းဆိုခဲ့ပါသည်။ သို့သော်လည်း ထိုချိန်းဆိုခဲ့သည့်ရက်အားလည်း တရားစွဲဆိုခဲ့သူမှ ရုံးချိန်းတက်ရောက်ရန် ထပ်မံပျက်ကွက်ခဲ့ပါသည်။ တရားစွဲဆိုခံရသူများ၏ ရှေ့နေ ဦးဌေးဦးမှ "သူတို့တွေက မကွေးမြို့ခံတွေမဟုတ်တော့ ဒီမှာပြုလုပ်တဲ့ တရားရုံးချိန်းကို တက်ရောက်ဖို့ ခရီးအဝေးကြီးကနေ လာခဲ့ရပြီး အဲ့ဒါကလည်း သူတို့အတွက် တကယ့်ကို ဝန်ထုတ်ဝန်ပိုး ပိုမိုကြီးစေပါတယ် ဒါက ကျနော်တို့ ရှေ့နေတွေအတွက်လည်း ခက်ခဲစေတာပါပဲ" ဟု ပြောကြားခဲ့ပြီး တရားရုံးချိန်းအား အောက်တိုဘာလ ၂၇ ရက်သို့ ပြောင်းရွှေ့ထားကြောင်း သိရှိရပါသည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

### အလဲဗင်းမီဒီယာအုပ်စုအား တရားစွဲဆိုမှု ဆက်လက်ဖြစ်

အငြင်းပွါးဖွယ်ရာ သတင်းတစ်ပုဒ်အား ၎င်းတို့၏သတင်းဂျာနယ်တွင် ရေးသားခဲ့သည့်အတွက် သတင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာန၏ တရားစွဲဆိုခြင်းခံထားရသော အလဲဗင်းမီဒီယာအုပ်စုမှ အာမခံရရှိရန်အတွက် အယူခံကို ပုဗ္ဗသီရိတရားရုံးသို့ အောက်တိုဘာလ ၁၀ ရက်နေ့တွင် တင်ခဲ့ပါသည်။ ဦးဆောင်အယ်ဒီတာ နေထွန်းနိုင်၊ အယ်ဒီတာချုပ် ဒေါက်တာ သန်းထွဋ်အောင်၊ စီမံကွပ်ကဲရေး ဒါရိုက်တာ ဒေါက်တာ သိန်းမြင့်၊ အယ်ဒီတာချုပ် ဝေဖြိုးနှင့် ဒုတိယအယ်ဒီတာချုပ် မြတ်သစ်တို့အားလုံးအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၀ အသရေဖျက်မှု ပုဒ်မဖြင့် တရားစွဲဆိုထားပြီး တရားသူကြီး ဦးခင်ဝင်း ဦးဆောင်သည့် တရားစီရင်မှုရုံးချိန်းအား အောက်တိုဘာလ ၂၄ ရက်နေ့တွင် သတ်မှတ်ချိန်းဆိုထားပါသည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*

### မိချောင်းကန် သပိတ်စခန်းမှ နောက်ဆုံးထွက်ခွါရန် ပြောဆိုသည့်ရက်အား လက်ခံရန်ငြင်းဆန်

ရန်ကုန်မြို့ရှိ မိချောင်းကန် သပိတ်စခန်းအား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် နောက်ဆုံးထား၍ ဖျက်သိမ်းပြီး၊ ဆန္ဒပြသူများမှ စခန်းအား စွန့်ခွာရန် အာဏာပိုင်တို့မှ အမိန့်ထုတ်ပြန်ထားသော်လည်း၊ ဆန္ဒပြသူများမှ အောက်တိုဘာလ ၄ ရက်နေ့အထိ သပိတ်စခန်းတွင် ရှိနေကြပြီး၊ သူတို့တောင်းဆိုချက်များ ရရှိသည့်အထိ သပိတ်စခန်းအတွင်း ဆက်လက်နေထိုင်မည်ဖြစ်ကြောင်း ပြောကြားလိုက်ပါသည်။ ထိုသပိတ်စခန်းအား ရဲများမှ ယခုအချိန်အထိ နောက်ယှက်ခြင်း မပြုသေးသော်လည်း၊ ဦးဆုံးဆန္ဒပြခဲ့သည့် ၂၀၁၃ ခုနှစ်နှင့် ယခုနှစ် နှစ်ဦးပိုင်းတို့တွင် ထိုသပိတ်စခန်းအား ဖြိုခွင်းခဲ့ပါသေးသည်။ ထိုသပိတ်စခန်းအား ဦးဆောင်ခဲ့သူ ဦးစိန်သန်းသည် ဆန္ဒပြမှုတွင် ပါဝင်ခဲ့သည့်အတွက် ယခုအခါတွင် ထောင်ဒဏ် ၂ နှစ် ကျခံနေရပါသည်။ မိချောင်းကန်သပိတ်စခန်းမှ ဆန္ဒပြသူများသည် ဦးစိန်သန်း ထောင်ဒဏ်များ ချမှတ်ခံရမှုအပေါ် ဆန့်ကျင်သည့်အနေဖြင့် အောက်တိုဘာလ ၁၀ ရက်နေ့တွင် တစ်ရက်ကြာ အစာငတ်ခံ ဆန္ဒပြခဲ့ကြပါသည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

### ချင်းသတင်းစာ ထုတ်ဝေမှု ဖျက်သိမ်းရန် ဖိအားပေးခံရ

ချင်းပြည်နယ်ရှိ ဒေသခံ ချင်းသတင်းစာ ၂၀ ကျော်ထဲမှ တစ်ခုဖြစ်သည့် တစ်ပတ်လျှင် ၂ ကြိမ်ထုတ်ဝေသည့် ဟားခါးပိုစ်တ် (Hakha Post) သတင်းစာအား မှတ်ပုံတင်မထားသောကြောင့် လုံးဝပိတ်သိမ်းရန် အာဏာပိုင်တို့မှ တရားဝင်အမိန့်ထုတ် ဖိအားပေးခဲ့ပါသည်။ အယ်ဒီတာချုပ် Lalawmpui ၏ပြောဆိုချက်အရ ချင်းပြည်နယ်ရှိ သတင်းစာအများစုတွင် အနည်းငယ်သာ မှတ်ပုံတင်ထားပြီးကြောင်းနှင့် ထိုကဲ့သို့ ၎င်းတို့၏သတင်းစာ ရပ်ဆိုင်းခံခဲ့ရခြင်းမှာ သတင်းစာအတွင်း ချင်းပြည်နယ်အစိုးရ၏ စီမံခန့်ခွဲမှု ညံ့ဖျင်းကြောင်းကို ဝေဖန်ထောက်ပြသည့် သတင်းအား ရေးသားထုတ်ပြန်ခြင်းကြောင့်ဖြစ်သည်ဟု ပြောဆိုခဲ့ပါသည်။

အောက်တိုဘာလ ၁၆ ရက်နေ့တွင်လည်း နောက်ထပ်ချင်းသတင်းစာ ၃ စောင်ဖြစ်သည့် ဖလမ်းပိုစ်တ် (Falam Post)၊ တီးဒိန်ပိုစ်တ် (Tedim Post) နှင့် Zo Lengthe တို့အားလည်း မှတ်ပုံမတင်ရသေးသောကြောင့်ဟုဆိုကာ ထုတ်ဝေခြင်း ပိတ်သိမ်းလိုက်ပါသည်။ သတင်းမီဒီယာကဏ္ဍ လွတ်လပ်ခွင့်သည် ပြည်နယ်အစိုးရ၏ ရုတ်တရက်ဖြစ်ပေါ်သည့် ဆုံးဖြတ်ချက်ဖြင့် လွန်ကဲစွာ ဆက်လက်ချုပ်ကိုင်ထားသည့်အပေါ် မူတည်နေသည်ကို ဒေသခံ သတင်းမီဒီယာသမားများမှ စိုးရိမ်လျက်ရှိနေပါသည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ BNI (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်၊ BNI (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

# မြေယာသိမ်းဆည်းမှုများ

## ကန့်ဘလူမှ လယ်သမားများအရေး နောက်ဆုံးရရှိသောသတင်း

မြန်မာအစိုးရမှ သိမ်းဆည်းထားသည့်မြေပေါ်တွင် ၂၀၁၄ ခုနှစ်၊ မတ်လ၌ ထွန်တုံးတိုက်ပွဲ ဆင်နွှဲခဲ့ကြသည့်အတွက် ထောင်ဒဏ်များ ချမှတ်ခံခဲ့ရသော စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်မှ လယ်သမား ၈ ဦးတို့သည် နောက်ထပ်ပုဒ်မများဖြင့် ထပ်မံတရားရင်ဆိုင်နေရပါသည်။ ရှေးဦးစွာ ထိုလယ်သမားများသည် ထောင်ဒဏ် ၃ လ မှ ၂ နှစ်အထိ ချမှတ်ခံခဲ့ရပြီး သူတို့အား နောက်ထပ် စွဲဆိုသည့် ပုဒ်မများမှာ ကျူးကျော်မှု ဖြစ်ကာ ထိုအမှုဖြင့် ဆက်လက်တရားရင်ဆိုင်နေရပါသည်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကန့်ဘလူမြို့နယ် ထောင်ကျ လယ်သမားများထဲမှ ၇ ဦးတို့သည် ၎င်းတို့၏ထောင်ဒဏ်များ ပြီးဆုံးသွားသောကြောင့် အကျဉ်းထောင်များမှ ပြန်လည် လွတ်မြောက်လာခဲ့ကြပါသည်။ ထိုလွတ်မြောက်လာသော လယ်သမား ၇ ဦးတို့သည် ၁၉၉၀ ခုနှစ်တွင် ထိုနယ်မှ လယ်သမားတို့၏ မြေများအား စစ်တပ်မှ သိမ်းယူခဲ့သည့်အတွက် ထွန်တုံးတိုက်ပွဲ ဆင်နွှဲခဲ့ကြပြီး ဇူလိုင်လတွင် ဖမ်းဆီးခံ၊ တရားစွဲခံခဲ့ရသည့် လယ်သမားအုပ်စုကြီးထဲမှ ဖြစ်ပါသည်။ ဇူလိုင်လတွင် ထောင်ချခံခဲ့ရသော အခြား လယ်သမားများသည်လည်း အခြားသောပုဒ်မများနှင့် အကျဉ်းထောင်များ အတွင်းတွင် ထောင်ဒဏ်များ ဆက်လက် ကျခံနေရဆဲဖြစ်ပြီး ထိုလယ်သမားများသည် ကျူူးကျော်မှုနှင့် အကျိုးစီးပွါး ပျက်စီးစေမှုတို့ဖြင့် ထောင်ဒဏ်များ ချမှတ်ခံထားရခြင်းဖြစ်သည်။ ကန့်ဘလူနယ်မှ လယ်သမား ၂၀၀ ကျော်တို့သည့် ဆက်လက် တရားရင်ဆိုင်နေရပြီး ၎င်းတို့ထဲမှ လယ်သမား ၁၇၃ ဦးတို့သည် အောက်တိုဘာလ ၂၈ ရက်နေ့တွင် တရားရုံးချိန်းသို့ တက်ရောက်ရမည်ဖြစ်သည်။

နောက်ထပ် ကန့်ဘလူနယ်မှ ထောင်ကျလယ်သမား ၂၈ ဦးတို့ အောက်တိုဘာလတွင် အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်ခဲ့ပြီး ၎င်းလွတ်မြောက်လာခဲ့သည့် လယ်သမား ၂၈ ဦးထဲမှ ၁၀ ဦးတို့သည် နောက်ထပ်ပုဒ်မများဖြင့် တရားရင်ဆိုင်နေရပါသည်။ ထို့အပြင် အောက်တိုဘာလ ၂၈ ရက်နေ့တွင် တရားရုံးချိန်းသို့ သွားရောက်ရင်ဆိုင်ရသည့် လယ်သမား ၁၇၃ ဦးတို့၏ စာရင်းတွင်လည်း လက်ရှိထောင်ကျခံနေရသည့် လယ်သမားများ ပါဝင်သလို လွတ်မြောက်လာသော လယ်သမားများလည်း ပါဝင်နေပါသည်။ လယ်သမားအများစုသည် ရှင်းရှင်းလင်းလင်းမသိရှိရပဲ ရုံးချိန်းအတွက်လည်း စိတ်ရှုပ်ထွေးလျက် ရှိနေကြပါသည်။ လယ်သမားတို့၏ ရှေ့နေတစ်ဦးမှ စစ်ချက်များအရ တရားလိုနှင့် လိုပြသက်သေများကိုယ်တိုင် သူတို့တရားစွဲဆိုသည့် တောင်သူများကို သေချာမသိရှိကြောင်း ပြောကြားထားပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ အလဲဗင်း*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

## လယ်သမား ၉ ဦး ထောင်ဒဏ် ၇ နှစ် ချမှတ်ခံရ

မွန်ပြည်နယ်တွင် စစ်တပ်မှ မတရားသဖြင့် သိမ်းဆည်းထားသည့် လယ်မြေများတွင် ထွန်ယက်စိုက်ပျိုးခြင်းကြောင့် သထုံမြို့နယ်မှ လယ်သမား ၉ ဦးအား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင်၊ ထောင်ဒဏ် ၇ နှစ်စီ အသီးသီး ချမှတ်လိုက်ပါသည်။ ၂၀၁၄ ခုနှစ်၊ မတ်လတွင် လယ်သမား ၉ ဦးတို့သည် ထိုမြေယာအား စတင်အသုံးပြု စိုက်ပျိုးခဲ့ကြပါသည်။ ထို့နောက် လယ်သမား ၉ ဦးတို့အား နယ်မြေတရားရုံးသို့ ဆင့်ခေါ်ခဲ့ကာ ကျူးကျော်မှု၊ အကျိုးစီးပွါးပျက်စီးစေမှုတို့ဖြင့် တရားစွဲခဲ့ပါသည်။ ထောင်ချခံ လယ်သမားများနှင့် နီးစပ်သူတစ်ဦးဖြစ်သည့် ကိုသန်းမြင့်မှ "သူတို့ကို ထောင်ဒဏ် ၇ နှစ်တောင် ချမှတ်လိုက်တယ်ဆိုတာ လုံးဝကို မတရားတဲ့ကိစ္စကြီးပါ၊ ကျနော်တို့ အယူခံတင်မှာပါ" ဟု ရောဝတီသတင်းဌာနသို့ ပြောကြားခဲ့ပါသည်။ မွန်ပြည်နယ်အတွင်း နောက်ထပ် လယ်သမား ၅ ဦးတို့သည်လည်း အလားတူပုဒ်မများဖြင့် တရားစွဲဆိုခံနေရကာ ထောင်ဒဏ်များ ချမှတ်ခံရရန် ရှိနေပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ ရောဝတီ (အင်္ဂလိပ်)*

## လယ်သမားများ၏ တရားရုံးချိန်း ပြောင်းရွှေ့ချိန်းဆို

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်ရှိ ဒေါ်စိုရေးရွာမှ လယ်သမား ၁၀ ဦးတို့၏ တရားရုံးချိန်းအား ထိုအမှုတွင် တရားလိုဖြစ်သူ အမှတ်-၃၆၀ အမြောက်တပ်၏ ဦးစီးချုပ်ဖြစ်သူမှ တရားရုံးသို့ တက်ရောက်ခြင်း မရှိသည့်အတွက်ဟုဆိုကာ ရက်ရွှေ့ ပြောင်းလိုက်ပါသည်။ လယ်သမားများသည် စစ်တပ်ပိုင်ဆိုင်သည့် မြေပေါ်တွင် ဝင်ရောက်ကျူးကျော်ပြီး ကောက်ပဲသီးနှံများအား စိုက်ပျိုးခဲ့သည်ဟု စွပ်စွဲခြင်းခံခဲ့ရပါသည်။ သို့သော်လည်း လယ်သမားများမှ သူတို့စိုက်ပျိုးခဲ့သည့် ထိုမြေယာသည် စစ်တပ်ပိုင်မြေ မဟုတ်ကြောင်း ပြန်လည် ငြင်းဆန်ပြောဆိုခဲ့ကြပါသည်။ တရားလိုဖြစ်သူ တရားရုံးသို့ မတက်ရောက်ခြင်းမှာ ယခုတစ်ကြိမ်သည် ဒုတိယတစ်ကြိမ်ဖြစ်ကြောင်း သိရှိရပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*

# သတင်းထဲမှ အေအေပီပီ

**အကျဉ်းသားအရေး လုပ်ငန်းစဉ်အသစ်များ ဆောင်ရွက်ရာတွင် အေအေပီပီ ပါဝင်ခွင့်မရ**

ရောဝတီသတင်းဌာနမှ စစ်အစိုးရ လက်ထက်မှစပြီး ဖမ်းဆီးခံခဲ့ရကာ လက်ရှိအချိန်အထိ ထောင်ကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားတို့၏ အမည်စာရင်းများ ပြုစုထွက်ပေါ်လာသည့် မြန်မာနိုင်ငံရှိ လက်ရှိနိုင်ငံရေး အကျဉ်းသားတို့၏ အခြေအနေနှင့်စပ်လျဉ်းပြီး အသေးစိတ်ရှင်းပြထားသည့် သတင်းဆောင်းပါး တစ်ပုဒ်အား ရေးသားထုတ်ပြန်ခဲ့ပါသည်။ ထိုသတင်းဆောင်းပါးမှ လက်ကျန်နိုင်ငံရေးအကျဉ်းသား စီစစ်ရေးကော်မတီအား ခွဲထွက်ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ထိုကော်မတီအသစ်အား အကျဉ်းထောင်စနစ်ကို ဦးစီးလုပ်ဆောင်သော ဌာနဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၏ ထိန်းချုပ်မှုအောက်ရှိ လုပ်ငန်းဆောင်တာများဖြင့် အစားထိုး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရေးသားထားပါသည်။ ထို့အပြင် ဆောင်းပါးမှ ဆက်လက်ပြီး အေအေပီပီ၏ အတွင်းရေးမှူးဖြစ်သူ ကိုဘိုကြည်သည် မြန်မာနိုင်ငံသား တစ်ဦးမဟုတ်သောကြောင့် ထိုအဖွဲ့သစ်တွင် ပါဝင်ခွင့်ရမည် မဟုတ်ကြောင်း အစိုးရ၏ ပြောကြားချက်ကိုလည်း ဦးစားပေး ဖော်ပြထားပါသည်။ အစိုးရမှ နိုင်ငံရေးအကျဉ်းသား အားလုံးသည် အမှန်တကယ်ပင် လွတ်မြောက်သွားပြီဖြစ်ကြောင်း၊ ကော်မတီ၏လုပ်ငန်းစဉ်သည်လည်း ပြီးဆုံးသွားပြီဖြစ်ကြောင်း ပြောကြားချက်အား တုန့်ပြန်သည့်အနေဖြင့် ကိုဘိုကြည်မှ “ဒီကိစ္စမှာ အခြားကော်မတီအဖွဲ့ဝင်တွေနဲ့ ကျနော်ရဲ့သဘောထားက မတူပါဘူး ကျနော်တို့ရဲ့အလုပ်တွေက မပြီးသေးပါဘူး ဒီလူတွေကိုလည်း ကျနော်တို့ မမေ့နိုင်ပါဘူး” ဟု ပြောကြားသွားခဲ့ပါသည်။

*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်၊ ရောဝတီ (အင်္ဂလိပ်)*

# အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ

**ဗြိတိန်နှင့်အမေရိကန် သံရုံးများမှ သေဆုံးသွားသည့် သတင်းထောက်အရေး စုံစမ်းပေးရန် တောင်းဆို**

အမေရိကန်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံသံရုံးတို့မှ ယခုလအစောပိုင်းတွင် မြန်မာစစ်တပ်၏ အကျဉ်းစခန်းအတွင်း ဖမ်းဆီးထားစဉ် အသတ်ခံခဲ့ရသည့် ကိုပါကြီးသေဆုံးမှုကိစ္စနှင့် ပတ်သက်ပြီး ပြီးပြည့်စုံသည့် စုံစမ်းမှုတစ်ခု ပြုလုပ်ရန် မြန်မာအစိုးရအား တောင်းဆိုလိုက်ပါသည်။ အမေရိကန်သံရုံးမှ "သူသေဆုံးတဲ့ကိစ္စနဲ့ ပတ်သက်လို့ ယုံကြည်စိတ်ချရပြီး ထင်သာမြင်သာရှိတဲ့ စုံစမ်းစစ်ဆေးမှု တစ်ခု အစိုးရကပြုလုပ်ပေးဖို့နဲ့ ဒီလုပ်ရပ်ကို ကျူးလွန်သူခဲ့သူတွေကိုလည်း တာဝန်ခံဖို့ မိမိတို့က မြန်မာအစိုးရကို တောင်းဆိုလိုက်ပါတယ်" ဟုပြောကြားခဲ့ပါသည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီးမှ ကုလသမဂ္ဂအနေဖြင့် ဆုံးဖြတ်ချက် ချမှတ်ရန် တောင်းဆို**

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီးမှ "လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး အစိုးရတို့၏ နောက်ကြောင်း ပြန်မှုအပေါ် ကုလသမဂ္ဂမှ ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရန်" ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးအား သတင်း ထုတ်ပြန်ချက်တစ်ခု ထုတ်ပြန်ပြီး တိုက်တွန်းလိုက်ပါသည်။ ထိုထုတ်ပြန်ချက်မှ မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ် ဆုံးဖြတ်ချက်မှ အကြံပြုထောက်ခံချက် အတော်များများအပေါ် တိုးတက်လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည်ကို ထောက်ပြပြောဆိုခဲ့ပြီး ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် နိုင်ငံရေးအကျဉ်းသား အားလုံးအား လွတ်ပေးမည်ဆိုသည့် ဦးသိန်းစိန်၏ ကတိကဝတ်ပြုမှု ပျက်ကွက်ခဲ့သည်ကိုလည်း ထောက်ပြပြောဆိုထားပါသည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး၏ ထုတ်ပြန်ချက် (အင်္ဂလိပ်)*

**ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ကုလသမဂ္ဂသို့ မြန်မာနိုင်ငံအရေး အစီရင်ခံစာ တင်သွင်း**

ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Ms. Yanghee Lee သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်နှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံသားတစ်ဦးချင်းစီ၏ အခြေခံ လူ့အခွင့်အရေးများအပေါ် အကာကွယ်ပေးရန် ဆက်လက်ပျက်ကွက်နေခြင်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏စိုးရိမ်ဖွယ်ရာ အခြေအနေများကို ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် တင်ပြခဲ့ပြီး မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် အကျဉ်းထောင်များအတွင်းတွင် နှိပ်စက်ခြင်း၊ ဆိုးရွားစွာ ဆက်ဆံခြင်းများသည် အဓိကတိုးတက်လုပ်ဆောင်ရန် လိုအပ်သည်များဖြစ်ကြောင်း Ms. Yanhhee Lee မှ ပြောကြားခဲ့ပါသည်။ ထိုအစီရင်ခံစာမှ နိုင်ငံတကာ စံနှုန်းများကို လက်သင့်ခံရန် မြန်မာအစိုးရအား တောင်းဆို တိုက်တွန်းထားသလို မြန်မာနိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေး ပိုမိုအားကောင်းလာရန်လည်း တောင်းဆိုထားပါသည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ မဇ္ဈိမ (မင်္လိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်၊ UNGA (အင်္ဂလိပ်)*

**အစီရင်ခံစာများ တင်သွင်းခြင်းရပ်တန့်ရန် ဦးသိန်းစိန်မှ ဥရောပသမဂ္ဂအား တိုက်တွန်း**

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကျင်းပသည့် ၁၀ ကြိမ်မြောက် အာရှ-ဥရောပ အစည်းအဝေးတွင် သမ္မတဦးသိန်းစိန်မှ မိန့်ခွန်းပြောကြားခဲ့ပြီး၊ ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအရေးနှင့် စပ်လျဉ်းပြီး ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးသို့ အစီရင်ခံစာများ တင်သွင်းနေခြင်းကို ရပ်တန့်ရန် တိုက်တွန်းခဲ့ပါသည်။ ဦးသိန်းစိန်မှ တိုင်းပြည်၏ခေါင်းဆောင် အပြောင်းအလဲပြုလုပ်မှုများကို သက်သေပြကာ မြန်မာနိုင်ငံ၏ လက်တစ်လော လူမှုရေး၊ စီးပွါးရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားသွားခဲ့သလို မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် ကုလသမဂ္ဂ သဘောတူညီချက်များကိုလည်း သဘောတူ လက်မှတ်ထိုးရန် စီစဉ်ထားကြောင်း ပြောကြားသွားခဲ့ပါသည်။ သို့သော်လည်း Equality Myanmar နှင့် အမျိုးသမီး အဖွဲ့ချုပ်(မြန်မာနိုင်ငံ) တို့ကဲ့သို့သော လူ့အခွင့်အရေး အဖွဲ့အစည်းများမှ တိုင်းပြည်အတွင်း ဆက်လက်ဖြစ်ပျက်နေသည့် လူ့အခွင့်အရေး ချိုးဖေါက်မှုများအား ရည်ညွှန်းပြောဆိုကာ ဦးသိန်းစိန်၏တောင်းဆိုမှုအား ဝေဖန်လိုက်ပြီး ရန်ကုန်မြို့ရှိ ဥရောပသမဂ္ဂ သံရုံးမှလည်း ၎င်းတို့အနေဖြင့် အစီရင်ခံစာတစ်ခုအား ယခုနှစ်တွင် ဆက်လက် တင်သွင်းသွားမည်ဖြစ်ကြောင်း ပြောဆိုလိုက်ပါသည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်။ အောက်တိုဘာလ ၂၀ ရက်၊ အလဲဗင်း (အင်္ဂလိပ်)*
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

**အမေရိကန်နိုင်ငံမှ လက်ကျန်နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် တောင်းဆို**

အမေရိကန်နိုင်ငံအစိုးရမှ မြန်မာအာဏာပိုင်တို့အနေဖြင့် "လက်ကျန် နိုင်ငံရေးအကျဉ်းသား စီစစ်ရေး ကော်မတီကတစ်ဆင့် နိုင်ငံရေးအကျဉ်းသားများကို ချွင်းချက်မရှိ လွတ်ပေးဖို့နဲ့ ထိုလွတ်ပြီးသား နိုင်ငံရေး အကျဉ်းသားတွေကိုလည်း ကန့်သတ် ချုပ်ခြယ်ထားမှုများမှ ဖယ်ရှားပေးရန် အမြန်ဆုံးနှင့်ဆက်လက်ပြီး လုပ်ဆောင်ရမယ်" လို့ တောင်းဆို ပြောကြားသွားခဲ့ပါသည်။ မြန်မာအစိုးရမှ အကျဉ်းသား ၃၀၀၀ ကျော်အား၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် လွှတ်ပေးလိုက်ပြီးနောက် ထိုကဲ့သို့ တိုက်တွန်း ပြောကြားလိုက်ခြင်းဖြစ်သည်။
*၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

# နိဂုံးချုပ်နှင့်သုံးသပ်ချက်

ကိုပါကြီးသေဆုံးမှုသည် စိတ်ပျက်ဝမ်းနည်းဖွယ်ရာဖြစ်ရပ်ကိုသာမက စိုးရိမ်ဖွယ်ရာအခြေအနေ တစ်ရပ်ကိုလည်း ထောက်ပြနေပါသည်။ ကိုပါကြီးသည် ဖမ်းဆီးခံခဲ့ရပြီးနောက် ဥပဒေအတိုင်း ဆောင်ရွက်မှုမရှိပဲ တရားလက်လွတ်သတ်ဖြတ်ခြင်းကို ခံခဲ့ရသည့်အပြင် စစ်တပ်မှ ကိုပါကြီး၏ရုပ်အလောင်းအား မိသားစုထံသို့ ပြန်လည်ပေးအပ်ခြင်းမရှိပဲ အလျင်စလို မြှုပ်နှံလိုက်ပါသည်။ ကိုပါကြီးသေဆုံးသည့်ကိစ္စ သတင်းထိန်ချန်ထားပြီး နောက်ကျမှ ဖေါ်ပြခြင်းနှင့်အတူ သူ၏အလောင်းအား မိသားစုကို အသိမပေးခြင်းမရှိပဲ မြှုပ်နှံခြင်း၊ အခြေအမြစ်မရှိသည့် စွတ်စွဲချက်အား စစ်တပ်မှ စွပ်စွဲခြင်းတို့ကြောင့် ပြည်သူလူထုအနေဖြင့် စိတ်မကျေနပ်စရာ ဖြစ်စေပါသည်။ ဦးသိန်းစိန်အစိုးရမှ "အစိုးရမှ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေပါသည်" ဟု ပြောကြားထားသည့်အတိုင်း လက်တွေ့တွင် အမှန်တစ်ကယ် လုပ်ဆောင်နေကြောင်း ပြသလိုပါက ကိုပါကြီးသေဆုံးသည့်ကိစ္စအား အမှန်အတိုင်း ဖော်ထုတ်ဖြေရှင်းပေးရန် လိုအပ်ပါသည်။

ကိုပါကြီး သေဆုံးသည့်ကိစ္စသည် အခြေခံလူ့အခွင့်အရေးနှင့် နိုင်ငံသားတစ်ဦးချင်းစီ၏ လွတ်လပ်မှုတို့အပေါ် အစိုးရမှ အကြီးအကျယ် လျစ်လျူရှုနေကြောင်း ထင်ရှားစေသည့် သာဓကတစ်ခု ဖြစ်ပါသည်။ ယခု အောက်တိုဘာလတွင်ပင် ရှမ်းပြည်နယ်အတွင်းရှိ အပြစ်မရှိသည့် ရွာသား ၅ ဦးတို့ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရပြီး၊ တက်ကြွလှုပ်ရှားသူ ၈ ဦးတို့သည် ငြိမ်းချမ်းစွာစုဝေးဆန္ဒပြခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခြင်း ခံရကာ၊ ထိုပုဒ်မဖြင့်ပင် တက်ကြွလှုပ်ရှားသူ ၂၀ ဦးတို့သည် ထောင်ဒဏ်များ ချမှတ်ခြင်း ခံခဲ့ရပါသည်။ ဘိုင်မွန်းတည့်နေ ဂျာနယ်ကိစ္စနှင့်ပတ်သက်ပြီး ဖမ်းဆီးခံခဲ့ရသူ ၅ ဦးတို့သည်လည်း ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (ခ)ဖြင့် ထောင်ဒဏ် ၂ နှစ်စီ ချမှတ်ခြင်း ခံခဲ့ရကာ၊ ကိုထင်ကျော်နှင့် ကိုနောင်နောင်တို့သည်လည်း ထိုပုဒ်မဖြင့်ပင် ထောင်ဒဏ် ၂ နှစ်စီ ချမှတ်ခြင်း ခံရပါသည်။ ပြီးခဲ့သည့် လအနည်းငယ်ကို ပြည်လည်သုံးသပ်ပါက ထိုအရည်အတွက် တူညီသည့် တက်ကြွလှုပ်ရှားသူများသည် ယင်းပုဒ်မများဖြင့်ပင် ဖမ်းဆီးထောင်ချခံခဲ့ရကာ၊ ပုဒ်မ ၅၀၅ (ခ) နှင့် ပုဒ်မ ၁၈ ကဲ့သို့သော ပုဒ်မများကို အစိုးရမှ အကြိမ်ကြိမ် အသုံးပြုခြင်းဖြင့် ဆန့်ကျင်ဘက်ဟု ၎င်းတို့ယူဆသည့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၏ အသံတိတ်သွားစေရန်၊ ဖိနှိပ်ရန် ရည်ရွယ်သည်ဟု မိမိတို့ သုံးသပ်မိပါသည်။ ကိုပါကြီး သေဆုံးမှုသည် အစိုးရအာဏာပိုင်တို့၏ အခြေခံလူ့အခွင့်အရေးများအပေါ် လျစ်လျူရှုဖိနှိပ်ရာမှ ပေါ်ပေါက်လာသည့် အကျိုးဆက်ဖြစ်ရပ်ပေါင်း များစွာထဲမှ ဖြစ်ရပ်တစ်ခုသာ ဖြစ်ကြောင်း မိမိတို့ယူဆပါသည်။

လူ့အခွင့်အရေး တိုးတက်ဖြစ်ထွန်းလျက်ရှိနေကြောင်း အစိုးရဖက်မှ ပြောဆိုနေသော်လည်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးကိစ္စများအား နိုင်ငံတကာ အဖွဲ့အစည်းများမှ သတိရှိရှိဖြင့် စောင့်ကြည့်လျက်ရှိနေပြီး စိုးရိမ်ဖွယ်ရာအခြေအနေအဖြစ် ဆက်လက်၍ သတ်မှတ်ထားခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Ms. Yanghee Lee သည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် မတရားဖမ်းဆီးထိန်းသိမ်းခြင်းများ၊ နှိပ်စက်ညှင်းပန်းခြင်းများနှင့်စပ်လျဉ်းပြီး စိုးရိမ်ဖွယ်ရာ အခြေအနေများကို ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် တင်ပြပြောကြားခဲ့သလို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီးမှလည်း "လူ့အခွင့်အရေးကိစ္စနှင့် စပ်လျဉ်းပြီး နောက်ကြောင်းပြန်မှုအပေါ်" ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ ဆုံးဖြတ်ချက်ပြုလုပ်ရန် တိုက်တွန်းထားသည့် သတင်းထုတ်ပြန်ချက် တစ်ခု ထုတ်ပြန်ခဲ့ပါသည်။ ထို့အတူ မိမိတို့မှလည်း ကုလသမဂ္ဂ အထွေထွေညီလာခံကြီးအနေဖြင့် ဦးသိန်းစိန်အစိုးရ၏ အပြောသာရှိပြီး လက်တွေ့လုပ်ဆောင်ခြင်း မရှိသည်တို့ကို သတိချပ်ပြီး၊ မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ အမှန်တကယ် ကြုံတွေ့နေရသည့် အခြေအနေများကိုသာ ပြန်လည်သုံးသပ်ရန် တိုက်တွန်းလိုက်ရပါသည်။

# အရေးပါသည့် ဆက်စပ်သတင်းများ ဖတ်ရန် Links

### ဧပြီလ ၂၈ ရက်

တက်ကြွလှုပ်ရှားသူ ၅ ဦး ထောင်ဒဏ်များ ချမှတ်ခံရ၊ လွတ်လပ်တဲ့ အာရှအသံ

### စက်တင်ဘာလ ၂၃ ရက်

မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ (UNGA)

### အောက်တိုဘာလ ၂ ရက်

ယူနတီ သတင်းထောက် ၅ ဦးတို့၏ ထောင်ဒဏ်များ လျှော့ချခံရ၊ မဇ္ဈိမ (အင်္ဂလိပ်)

ချင်းသတင်းစာများ အမှေ့ ပိတ်သိမ်းခံရ၊ ဧရာဝတီ (အင်္ဂလိပ်)

ပုဒ်မ ၁၈ ဖျက်သိမ်းရန် ဆန္ဒပြခဲ့သူ ထောင်ဒဏ်ချမှတ်ခံရ၊ မဇ္ဈိမ

### အောက်တိုဘာလ ၃ ရက်

ကိုထင်ကျော် အစာငတ်ခံဆန္ဒပြ၊ အလဲဗင်း (အင်္ဂလိပ်)

### အောက်တိုဘာလ ၄ ရက်

မိချောင်းကန် သပိတ်စခန်း ဖျက်သိမ်းပေးရန် အမိန့်အား မလိုက်နာ၊ ဒီဗွီဘီ (အင်္ဂလိပ်)

### အောက်တိုဘာလ ၇ ရက်

သမ္မတ မှ လွတ်ငြိမ်းချမ်းသာခွင့်ပေး၊ ဘီဘီစီ (အင်္ဂလိပ်)

သမ္မတ မှ လွတ်ငြိမ်းချမ်းသာခွင့်ပေး၊ အေဘီစီ news (အင်္ဂလိပ်)

သမ္မတ မှ လွတ်ငြိမ်းချမ်းသာခွင့်ပေး၊ ဧရာဝတီ (အင်္ဂလိပ်)

သမ္မတ မှ လွတ်ငြိမ်းချမ်းသာခွင့်ပေး၊ ဒီဗွီဘီ (အင်္ဂလိပ်)

သမ္မတ မှ လွတ်ငြိမ်းချမ်းသာခွင့်ပေး၊ လွတ်လပ်တဲ့ အာရှအသံ (အင်္ဂလိပ်)

### အောက်တိုဘာလ ၈ ရက်

သမ္မတမှ လွတ်ငြိမ်းချမ်းသာခွင့်ပေး၊ မြန်မာ့အလင်း (အင်္ဂလိပ်)

သမ္မတမှ လွတ်ငြိမ်းချမ်းသာခွင့်ပေး၊ အလဲဗင်း (အင်္ဂလိပ်)

အမေရိကန်နိုင်ငံမှ နိုင်ငံရေးအကျဉ်းသားများအား လွတ်ပေးရန် တောင်းဆို၊ မဇ္ဈိမ (အင်္ဂလိပ်)

### အောက်တိုဘာလ ၉ ရက်

အကျဉ်းသားများအား သမ္မတမှ လွတ်ငြိမ်းခွင့်ပြု၊ ဒီဗွီဘီ (အင်္ဂလိပ်)

### အောက်တိုဘာလ ၁၀ ရက်

မိချောင်းကန် ဆန္ဒပြသမားများ အစာငတ်ခံ ဆန္ဒပြ၊ ဒီဗွီဘီ (အင်္ဂလိပ်)

ထောင်ကျအကျဉ်းသား မိသားစု ထောင်ဝင်စာတွေ့ဆုံရန် ငြင်းခံရ၊ လွတ်လပ်တဲ့ အာရှအသံ (အင်္ဂလိပ်)

သတင်းမီဒီယာ ဆွေးနွေးပွဲမှ အစိုးရအား ဝေဖန်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)

### အောက်တိုဘာလ ၁၁ ရက်

အလဲဗင်းသတင်းမီဒီယာအား ဆက်လက်တရားစွဲ၊ အလဲဗင်း (အင်္ဂလိပ်)

### အောက်တိုဘာလ ၁၃ ရက်

အကျဉ်းထောင်အတွင်း ဖြူနှင်းထွေး ကျန်းမာရေးမကောင်း၊ ဒီဗွီဘီ

### အောက်တိုဘာလ ၁၄ ရက်

တက်ကြွလှုပ်ရှားသူ ရုံးချိန်း ရွှေ့ဆိုင်း၊ ဒီဗွီဘီ (အင်္ဂလိပ်)

### အောက်တိုဘာလ ၁၅ ရက်

နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကျောင်းသူတစ်ဦး အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်၊ ဒီဗွီဘီ (အင်္ဂလိပ်)

နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကျောင်းသူတစ်ဦး အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်၊ ဧရာဝတီ (အင်္ဂလိပ်)

ယူနတီသတင်းထောက်တို့၏ အယူခံကို ကြားနာရန် တရားရုံးမှ သဘောတူ၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)

ယူနတီသတင်းထောက်တို့၏ အယူခံကို ကြားနာရန် တရားရုံးမှ သဘောတူ၊ မဇ္ဈိမ (အင်္ဂလိပ်)

လယ်သမားတို့၏ တရားရုံးချိန်း ရွှေ့ဆိုင်း၊ အလဲဗင်း (အင်္ဂလိပ်)

### အောက်တိုဘာလ ၁၆ ရက်

ကန့်ဘလူမှ လယ်သမား ၇ ဦး အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်၊ ဒီဗွီဘီ (အင်္ဂလိပ်)

လယ်သမား ၉ ဦး ထောင်ဒဏ် ၇ နှစ်စီ ချမှတ်ခံရ၊ ဧရာဝတီ (အင်္ဂလိပ်)

တက်ကြွလှုပ်ရှားသူ ကျောင်းသူတစ်ဦး အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်၊ အလဲဗင်း (အင်္ဂလိပ်)

ဘိုင်မွန်းတည့်နေ သတင်းထောက်များ ထောင်ဒဏ်ချမှတ်ခံရ၊ Associated Press (အင်္ဂလိပ်)

ဘိုင်မွန်းတည့်နေ သတင်းထောက်များ ထောင်ဒဏ် ချမှတ်ခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)

ဘိုင်မွန်းတည့်နေ သတင်းထောက်များ ထောင်ဒဏ် ချမှတ်ခံရ၊ ဧရာဝတီ (အင်္ဂလိပ်)

ဘိုင်မွန်းတည့်နေ သတင်းထောက်များ အယူခံတင်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)

သတင်းထောက်များမှ သတင်းမီဒီယာ ဥပဒေအား ဝေဖန်၊ ဗွီအိုအေ (အင်္ဂလိပ်)

### အောက်တိုဘာလ ၁၇ ရက်

ကိုထင်ကျော် တရားရုံးချိန်းထွက်ရန် ကျန်းမာရေးမကောင်း၊ အလဲဗင်း (အင်္ဂလိပ်)

မတင်မာရီ တရားစွဲဆိုခံရ၊ ဧရာဝတီ ဘာသာ့ဂ်

ချင်းပြည်နယ် သတင်းစာများ ပိတ်သိမ်းခံရ၊ BNI (အင်္ဂလိပ်)

### အောက်တိုဘာလ ၂၀ ရက်

တက်ကြွလှုပ်ရှားသူ ပုဒ်မ ၁၈ ဖြင့် တရားစွဲခံရ၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)

ဦးသိန်းစိန်မှ အစီရင်ခံစာများ တင်သွင်းခြင်း ရပ်တန့်ရန် ဥရောပသမဂ္ဂအား တိုက်တွန်း၊ အလဲဗင်း (အင်္ဂလိပ်)

တစ်ကိုယ်တော် ဆန္ဒပြသူမှ တရားရုံးများအတွင်း လာဘ်စားခြင်းများ အဆုံး ပပျောက်ရန် တောင်းဆို၊ အလဲဗင်း

မြန်မာနိုင်ငံဆိုင်ရာ ကုလအထူးကိုယ်စားလှယ် မြန်မာနိုင်ငံအရေး အစီရင်ခံစာ ကုလသို့ တင်သွင်း၊ မဇ္ဈိမ (အင်္ဂလိပ်)

ဦးသိန်းစိန်မှ အစီရင်ခံစာများ တင်သွင်းခြင်း ရပ်တန့်ရန် ဥရောသမဂ္ဂအား တိုက်တွန်း၊ မဇ္ဈိမ (အင်္ဂလိပ်)

ဦးသိန်းစိန်မှ အစီရင်ခံစာများ တင်သွင်းခြင်း ရပ်တန့်ရန် ဥရောသမဂ္ဂအား တိုက်တွန်း၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)

လူထုအခြေပြုအဖွဲ့အစည်းများ ဆွေးနွေးပွဲမှ အစိုးရအား ဝေဖန်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)

ကန့်ဘလူလယ်သမားများ အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်၊ အလဲဗင်း

### အောက်တိုဘာလ ၂၁ ရက်

သတင်းထောက်တစ်ဦး စစ်တပ်၏ ဖမ်းဆီးခြင်းခံရ၊ ဧရာဝတီ (အင်္ဂလိပ်)

နယ်စည်းမခြား သတင်းထောက်များအဖွဲ့မှ ဘိုင်မွန်းတည့်နေဂျာနယ် ဝန်ထမ်းများ၏ ထောင်ဒဏ်အပေါ် ဝေဖန်၊ Burmanet (အင်္ဂလိပ်)

ဘိုင်မွန်းတည့်နေ သတင်းထောက်များ ထောင်ဒဏ်ချမှတ်ခံရ၊ အလဲဗင်း (အင်္ဂလိပ်)

### အောက်တိုဘာလ ၂၂ ရက်

ဗ-က-သ အဖွဲ့ဝင်များမှ နိုင်ငံရေးအကျဉ်းသား တစ်ဦး ကျန်းမာရေး စောင့်ရှောက်ခွင့်ရရန် တောင်းဆို၊ အလဲဗင်း

ဒေါ်ညို ကျန်းမာရေး စောင့်ရှောက်ခွင့်ရ၊ ဧရာဝတီ ဘာသာ့ဂ်

အောက်တိုဘာလ ၂၃ ရက်

*ရှမ်းပြည်နယ်တွင် အရပ်သား ၅ ဦး နှိပ်စက်ညှဉ်းပန်းခံရ၊ မဇ္ဈိမ (အင်္ဂလိပ်)*

အောက်တိုဘာလ ၂၄ ရက်

*ပျောက်ဆုံးနေသော သတင်းထောက် စစ်တပ်၏ အချုပ်တွင် သတ်ခံရ၊ ဧရာဝတီ (အင်္ဂလိပ်)*
*တက်ကြွလှုပ်ရှားသူမှ တရားရုံးပြောင်းခြင်းအပေါ် ဆန့်ကျင်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*ပျောက်ဆုံးနေသော သတင်းထောက် သတ်ခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*ပျောက်ဆုံးနေသော သတင်းထောက် သတ်ခံရ၊ ဧရာဝတီ (အင်္ဂလိပ်)*
*ချင်းပြည်နယ်တွင် သတင်းစာတိုက်များ ပိတ်သိမ်းခံရ၊ BNI (အင်္ဂလိပ်)*

အောက်တိုဘာလ ၂၅ ရက်

*ပျောက်ဆုံးသတင်းထောက် သတ်ခံရ၊ အလဲဗင်း (အင်္ဂလိပ်)*

အောက်တိုဘာလ ၂၇ ရက်

*ချင်းပြည်နယ်တွင် သတင်းစာတိုက်များ ပိတ်သိမ်းခံရ၊ ဧရာဝတီ (အင်္ဂလိပ်)*
*ကိုပါကြီး အရေးကိစ္စအတွက် ဆန္ဒပြသူများ တရားစွဲခံရ၊ ဧရာဝတီ ဘလော့ဂ်*

အောက်တိုဘာလ ၂၈ ရက်

*ဘိုင်မွန်းတည့်နေ အယူခံ ပယ်ချခံရ၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*သတင်းထောက် သေဆုံးခြင်းကိစ္စအတွက် ဖယောင်းတိုင် မီးထွန်းဆန္ဒပြ၊ အလဲဗင်း (အင်္ဂလိပ်)*
*ကိုပါကြီး သေဆုံးသည့်ကိစ္စ ဆန္ဒပြသဖြင့် တက်ကြွလှုပ်ရှားသူများ တရားစွဲခံရ၊ ဧရာဝတီ (အင်္ဂလိပ်)*
*ကုလသမဂ္ဂမှ ခိုင်မာသည့် ဆုံးဖြတ်ချက် ချမှတ်ရန် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး တောင်းဆို၊ Amnesty International (အင်္ဂလိပ်)*
*အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ဆွမ်မလွတ်ရွယ်ဂျာ ပျောက်ဆုံးသည့်ကိစ္စ တောင်းဆို၊ ဒီဗွီဘီ (အင်္ဂလိပ်)*

အောက်တိုဘာလ ၂၉ ရက်

*ဗြိတိန်နှင့် အမေရိကန် သံရုံးတို့မှ သတင်းထောက် သေဆုံးခြင်းကိစ္စ စုံစမ်းရန် တောင်းဆို၊ ဧရာဝတီ (အင်္ဂလိပ်)*
*ဗြိတိန်နှင့် အမေရိကန် သံရုံးတို့မှ သတင်းထောက် သေဆုံးခြင်းကိစ္စ စုံစမ်းရန် တောင်းဆို၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*ထောင်ဒဏ် ချမှတ်ခံရသည့် လယ်သမားများ နောက်ထပ် တရားရင်ဆိုင်နေရ၊ ဒီဗွီဘီ (အင်္ဂလိပ်)*

အောက်တိုဘာလ ၃၀ ရက်

*လူ့အခွင့်အရေး အဖွဲ့အစည်းများ သတ်ဖြတ်ခြင်းကို ရှုတ်ချ၊ Amnesty International (အင်္ဂလိပ်)*
*လူ့အခွင့်အရေး အဖွဲ့အစည်းများ သတ်ဖြတ်ခြင်းကို ရှုတ်ချ၊ AHRC (အင်္ဂလိပ်)*
*ကိုထင်ကျော် ထောင်ဒဏ် ထပ်မံ ချမှတ်ခံရ၊ ဘီဘီစီ*
*ကိုထင်ကျော် ထောင်ဒဏ် ထပ်မံ ချမှတ်ခံရ၊ လွတ်လပ်တဲ့ အာရှအသံ*
*ကိုထင်ကျော် ထောင်ဒဏ် ထပ်မံ ချမှတ်ခံရ၊ ဒီဗွီဘီ ယူကျု*
*နိုင်ငံရေးအကျဉ်းသားအရေး ဆောင်ရွက်မည့် အဖွဲ့သစ်တွင် အေအေပီပီ ထုတ်ပယ်ခံရ၊ ဧရာဝတီ (အင်္ဂလိပ်)*
*တက်ကြွလှုပ်ရှားသူ ပုဒ်မ ၁၈ ဖြင့် တရားစွဲခံရ၊ အလဲဗင်း*

အောက်တိုဘာလ ၂ ရက်

*ကိုထင်ကျော် ထောင်ဒဏ် ၁၃ နှစ် ကျခံရမည်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*ကိုပါကြီး သေဆုံးမှု စုံစမ်းစစ်ဆေးရန် တောင်းဆို၊ မြန်မာ့အလင်း (အင်္ဂလိပ်)*